www.burmeseclassic.com

# ပြည့်ရှင်ဘိုင်




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၂၀၉၀၃၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၂၆၄၀၄၁၂ |
| အဖုံးဒီဇိုင်း | - | ကိုဆန်း |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ)<br>(မြဲ-၀၃၈၅၁)<br>အမှတ် ၁၃၊ ၁၀၇ လမ်း၊<br>မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြဲ-၀၄၉၀၂)<br>စံပယ်အော့ဖ်ဆက်<br>၆၈၊ စကားဝါလမ်း၊ အင်္ဂမြို့နယ်။ |
| အတွင်းဖလင် | - | ဦးထွန်းဆိုင် |
| စာအုပ်ချုပ် | - | ကိုသန်းဌေး |
| ပုံနှိပ်ခြင်း | - | ၂၀၁၂ ခုနှစ်၊ မေလ။<br>ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၆၀၀ ကျပ် |

၈၉၅ . ၈၃
ပြည့်ပိုင်မှူးအိမ်
ယောက္ခမကြီးကခြောမကျိုး/ပြည့်ပိုင်မှူးအိမ် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၁၄၀ - စာ ၊ ၁၃. ၅ × ၂၀. ၅ စင်တီ။
(၁) ယောက္ခမကြီးကခြောမကျိုး




**A wife and oxen choose from your own country.**

ဇနီးနှင့် နွားထီးကို မိမိဇာတိမှ ရွေးချယ်ပါ။

***Italian Proverb***

× × × ×

www.burmeseclassic.com

www.burmeseclassic.com



"မင်းနှယ်ကွယ် နေနိုင်လိုက်တာ"

မီးဖိုဆောင်ထဲမှထွက်လာသော ယောက္ခမကြီး၏ စကား အဆုံးမှာ 'ဗျာ'ဟု သူ နားမလည်နိုင်စွာ 'ဗျာ'ဖြစ်သည်။ ယောက္ခမ ကြီးက အိမ်ထဲသို့ဝင်ဝင်လာချင်း 'သားရေ. . . သမီးကော'ဟု မေးသည်မို့ 'မီးဖိုဆောင်ထဲမှာ အမေ'ဟု သူ ရိုသေစွာ ဖြေဖြစ်ခဲ့ သည်။

ယောက္ခမကြီးကလည်း 'ဟုတ်လား'ဟု ညင်သာစွာဆိုရင်း မီးဖိုဆောင်ထဲ ဝင်သွားခဲ့သည်။ သိပ်မကြာခင်မှာပင် မီးဖိုဆောင်



ထဲမှ ပျာယီးပျာယာဖြင့် ပြန်ထွက်လာကာ 'မင်းနှယ်ကွယ် နေနိုင် လိုက်တာ'ဟု သူ့ကိုဆိုခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် သူ 'ဗျာ' ဖြစ်ခြင်းဖြစ်သည်။

"မဗျာနဲ့. . . မင်းတကျတော့ ညွှဲခန်းမှာ မိန့်မိန့်ကြီးထိုင် ပြီးတော့ ဂျာနယ်ဖတ်နေတယ်၊ ငါ့သမီးကကျတော့ မီးဖိုဆောင်ထဲ မှာ ပန်းကန်တွေဆေးနေရတယ်၊ ပန်းကန်တွေကလည်း များလိုက် တာကွယ်၊ ပုံထားလိုက်တာများ မြင်းမိုရ်တောင်လား အောက်မေ့ရ တယ်"

အိုဗာအက်တင်ဖြင့် အိုဗာဒိုင်ယာလော့ခ်တွေ ဆိုနေသော ယောက္ခမကြီးကို သူ ဘာပြန်ပြောရမှန်းမသိဖြစ်ကာ သွားသည်။

"အမေရယ် သားနဲ့သူနဲ့ စားထားတဲ့ ထမင်းပန်းကန်လေး နှစ်ချပ်နဲ့ ဟင်းပန်းကန်လေး သုံးလေးချပ်ထဲပါဗျာ၊ အမေပြောတာ ကို ပတ်ဝန်းကျင်ကကြားရင် ဝိုင်းရယ်ထားဦးမယ်၊ အမေ့သမီး ဆေးနေတဲ့ ပန်းကန်အားလုံးပေါင်းကို မြန်မြန်ရေရင်တောင် ဆယ်ချပ်မပြည့်ဘူး"

"တော်စမ်း"

သူစကားမဆုံးခင်မှာပင် ယောက္ခမကြီးက 'တော်စမ်း'ဟု

www.burmeseclassic.com



ဟန့်သည်မို့ သူ ပါးစပ်ကို အမြန်ပိတ်ဖြစ်သည်။

"သူ့ဘာသာသူ ပန်းကန်တစ်ချပ်ထဲဆေးနေလည်း ငါ့မျက်စိထဲမှာတော့ မြင်းမိုရ်တောင်ပဲ၊ ဘယ့်နှယ်ကွယ် မင်းရဲ့ လစာတွေ ဒီလောက်ကောင်းတာ အိမ်အကူလေးဘာလေး ခေါ်ထားမှပေါ့၊ ငါ့သမီးမှာ အလုပ်လည်းသွားရသေး ပြန်လာတော့လည်း အိမ်အလုပ်တွေက တန်းစီနေတာပဲ၊ ငါ့သမီးလေး သနားပါတယ်"

ရင်ဘတ်ကို ပုတ်ကာ ပုတ်ကာ ဆိုနေသော ယောက္ခမကြီးတို့ ကြည့်ရင်း သူတင်းလာသည်။ တကယ်တမ်းကျ အိမ်အလုပ်သည် ဘာမှမယ်မယ်ရရမရှိ။ ပြီး ညားခါစမို့ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်နေရရန်အတွက် အိမ်အကူတို့ တမင်မခေါ်ခြင်းဖြစ်သည်။

"အိမ်အကူမခေါ်တာက သမီးကြောင့် မေမေရေ"

မီးဖိုဆောင်မှာ ပန်းကန်ဆေးပြီး ထွက်လာသော သူမက သူမ၏အမေတို့ ဆိုသည်။ ယောက္ခမကြီးက 'ဘာလို့လဲ သမီးရဲ့'ဟု မကျေမနပ်ဆိုသည်။

"တို့တို့နဲ့ သမီးနဲ့က လက်ထပ်ထားတာ ဘာမှမကြာသေးဘူးမဟုတ်လား၊ ဒီတော့ လွတ်လွတ်လပ်လပ်ပဲ နေချင်လို့လေ၊



သူစိမ်းရှိနေရင် စိတ်ရှုပ်လို့၊ အဲဒါကြောင့် ကိုကိုက ခေါ်ပေးမယ်ဆိုတာကို သမီးက ငြင်းထားတာ"

သူမက သူမ၏အမေကို ဖက်ထားရင်း ခပ်ချွဲချွဲဆိုသည်။

"ဒါပေမယ့်လည်း ဒီခေတ်ကြီးမှာက ယောကျ်ားအလုပ်၊ မိန်းမအလုပ်ဆိုတာ မရှိပါဘူးကွယ်၊ ပန်းကန်ဆေးတာ၊ တံမြက်စည်းလှည်းတာလောက်ကတော့ တူချင်စိတ်ရှိရင် ကူလို့ရပါတယ်"

ယောက္ခမကြီးတ အလျှော့မပေး။ သူ့ကို တမင်စောင်း၍ ဆိုသည်။ သူမနှင့် မညားခင်ကတည်းက သဘောမတူဟုဆိုကာ ဖျက်လိုဖျက်ဆီးလုပ်ခဲ့သည်မို့ ယောက္ခမကြီးကို သူ သိပ်ပြီး သံယောဇဉ်မရှိလှ။ ယောက္ခမလည်း မိဘပဲမို့သာ သူ အရိုအသေပေးကာ လေးလေးစားစား ဆက်ဆံနေရခြင်းဖြစ်သည်။

"ကိုကိုက ကူဆေးပေးမယ်လို့ ပြောပါတယ် မေမေရဲ့၊ ပန်းကန်က သိပ်မများတာနဲ့ သမီးတစ်ယောက်တည်းပဲ ဆေးလိုက်တာ"

"ငါ့သမီးလေး ပင်ပန်းလိုက်တာ"

သူ့ကို မကြားကြားအောင် ယောက္ခမကြီးက ဆောင့်ဆောင့်အောင့်အောင့် ဆိုသည်။ သူဆက်ထိုင်နေသ၍ အိုဟောင်း

www.burmeseclassic.com

www.burmeseclassic.com



တွေ လုပ်နေဦးမည်မို့ သူထရပ်ဖြစ်သည်။ ပြီး မိန်းမဖြစ်သူကို မျက်စိတစ်ဖက် မှိတ်ပြဖြစ်သည်။

"မိန်းမရေ. . . မနက်ကလျှော်ထားတဲ့ အဝတ်တွေ မောင်သွားခေါက်လိုက်ဦးမယ်၊ မိန်းမနားလိုက်ဦးကွာ၊ အမေ့ကို လည်း အိုဗာတင်းလေးဘာလေး ဖျော်တိုက်လိုက်ဦး"

သူဘာကိုဆိုလိုမှန်း သိသည်မို့ သူမက စပ်ဖြီးဖြီးဖြင့် 'ဟုတ်ကဲ့ ကိုကို'ဟု လျှာထုတ်ရင်း ဆိုသည်။ ယောက္ခမကြီးက တော့ ရွှဲနေမှန်းသိသည်မို့ သူ့ကို ပေစောင်းစောင်းဖြင့် လိုက်ကြည့် သည်။

တကယ်တော့ မနက်က ဘာအဝတ်မှ လျှော်မထား။ တခင်တကာ လျှောက်ပြောပြီး အိပ်ခန်းထဲဝင်ခဲ့ခြင်းဖြစ်သည်။

အိပ်ခန်းထဲတွင် ဝင်ကာ ခုတင်ပေါ် ပက်လက်ကြီးအိပ် ရင်း သူ ယောက္ခမကြီး၏ မိုင်ပိုမှုတွေကို တွေးနေမိသည်။

သူ၏မိန်းမက အရာရာ သည်းခံခွင့်လွှတ်ကာ နားအေး ပါးအေးနေတတ်သော သဘောမနောကောင်းသူ ဖြစ်သည်။ ယောက္ခမကြီးနှင့် သားအမိဆိုသည်ကိုပင် မယုံနိုင်စရာကြီး ဖြစ်နေ သည်။

ယောက္ခမကြီးကတော့ ပွစိပွစိရှုတ်သည့်နေရာတွင်



နှစ်ယောက်မရှိ။ အပြစ်ရှာသည့်နေရာတွင် နံပါတ်တစ်ဖြစ်ကာ စောင်းမြောင်းပြောဆိုတတ်မှုတွင်မူ ပထမဖြစ်သည်။ တကယ် တမ်းကျ ယောက္ခမကြီးက အပြောမတတ်ခြင်းသာဖြစ်သည်။ စိတ်သဘောဆိုးသူတော့ မဟုတ်။ သို့သော်လည်း အမြဲသည်းခံ နိုင်ဖို့တော့ သိပ်မလွယ်လှ။ လူတစ်ယောက်၏ အကျင့်ဆိုသည်က ဖျောက်နိုင်ခဲသည်ကိုး။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



"တိုတို"

လူကို လှုပ်ကာနှိုးသည်မို့ သူနိုးလာသည်။

"မိန်းမ. . . ကို မှေးခနဲအိပ်ပျော်သွားတာ ချစ်မေမေရော ခြန်သွားပြီလား၊ ဘာတွေမိန့်သွားသေးလဲ"

ဝါးခနဲသန်းကာ ထထိုင်ရင်း ဆိုဖြစ်သည်။ ယောက္ခမကြီးကို ကွယ်ရာမှာ ချစ်မေမေဟု နာမည်ပြောင်ပေးထားဖြစ်သည်။

သူ့စကားကြောင့် သူမက 'ပိုပြီ'ဟုဆိုရင်း သူ့ကို မျက်စောင်းထိုးသည်။



"မိန်းမ ရှေ့နည်းနည်းတိုး"

"ဘာဖြစ်လို့လဲ"

သူ၏စကားကြောင့် သူမက 'ဘာဖြစ်လို့လဲ'ဟု မေးသည်။

"ချွေးသုတ်ပေးမလို့ မိန်းမရဲ့၊ မိန်းမက ပန်းကန်တွေ မြင်းမိုရ်တောင်လောက်ကြီး ပုံနေတာကို ဆေးထားရတော့ နဖူးက ချွေးတွေ ခြေမထိမကျခင် ချွေးသုတ်ပေးချင်လို့ပါကွာ၊ ကိုကို့မိန်းမ ကတော့ အတော်ကြီး မောနေလောက်ပြီ"

သူ့စကားအဆုံးမှာ သူမက ခွိုးခနဲရယ်သည်။

"မေမေ့စကားကို ရွဲ့တာပေါ့ ဟုတ်လား"

"ချစ်မေမေကို ကိုကိုက ဘယ်ရွဲ့ရဲပါ့မလဲကွာ၊ စကားတွေ အများကြီးမပြောပါနဲ့ မိန်းမရယ်၊ မိန်းမမောနေပါ့မယ်"

"ကိုကိုနော်"

ခပ်ရွှဲရွှဲဆိုသော သူ့စကားကြောင့် သူမက သူ့ကို ဆွဲဆိတ်သည်။

"ငြိမ်ငြိမ်နေပါ မိန်းမရယ်၊ အသက်တောင် ပြင်းပြင်းမရှူနဲ့ ဖြည်းဖြည်းလေးပဲရှူ၊ မိန်းမမောမှာစိုးလို့"

အိုဗာစတိုင်ဖြင့် ဆိုသော သူ့စကားကြောင့် သူမက ခွိုးခနဲရယ်သည်။ ပြီး 'အပိုတွေ'ဟု ဆိုသည်။ ထို့နောက် ရယ်ပြန်သည်။

www.burmeseclassic.com



"ဖြည်းဖြည်းရယ်ပါ မိန်းမရယ်၊ မောမယ် မိန်းမရ"

သူ တမင်ပင် ရွှတ်၍ဆိုဖြစ်သည်။ ထုံးစံအတိုင်း သူမက တော့ ခွိုးခနဲရယ်သည်။ ဘာရယ်မဟုတ် သူပါရယ်ဖြစ်သည်။

x x x x

ဗို၊ ဗို၊ ၁၁၁ ခ ပ



"မိန်းမရေ. . . ချစ်မေမေလာနေပြီ၊ ပေး. . . ပေး တံမြက်စည်း"

အိမ်ရှေ့မှာ ယောက္ခမကြီးကို ရိပ်ခနဲ တွေ့လိုက်ရသည်မို့ မိန်းမဖြစ်သူ၏ လက်ထဲမှ တံမြက်စည်းကိုလုကာ လှည်းချင်ယောင် ဆောင်ဖြစ်သည်။

"မိန်းမ. . . သွား သွား ထိုင်ခုံမှာထိုင်"

သူ့စကားကြောင့် သူမက အယောင်ယောင် အမှားမှား ဖြင့် ထိုင်ခုံမှာ ဆတ်ခနဲထိုင်သည်။ ထိုစဉ်မှာပင် ဇာတ်တိုက်ထား

ဗို၊ မို၊ ၁၂၆ ပ

www.burmeseclassic.com

www.burmeseclassic.com



သလို ယောက္ခမကြီးက ဝင်လာသည်။ ပြီး ထိုင်ခုံမှာထိုင်နေသော သမီးဖြစ်သူကိုတစ်လှည့်၊ တံမြက်စည်းလှည်းချင်ယောင်ဆောင်နေသော သူ့ကိုတစ်လှည့် ကြည့်သည်။ ပြီး ကျေနပ်သွားဟန်ဖြင့် အိမ်ထဲသို့ လိမ်ကျစ်လိမ်ကျစ်ဖြင့် ဝင်လာသည်။ ပြီး တံမြက်စည်းကိုင်ထားသော သူ့ကို မိန့်မိန့်ကြီးကြည့်ကာ ပြုံးသည်။

"သမီးကလည်းကွယ် ကိုယ့်ယောကျ်ား အလုပ်လုပ်နေတာကို ဒီအတိုင်းထိုင်ကြည့်နေရသလား"

"ဟိုဒင်း. . . သမီးကူလုပ်လိုက်ရမလား"

ယောက္ခမကြီး၏ စကားအဆုံးမှာ သူ၏ချစ်ဇနီးက ခပ်သွက်သွက်ပင် မတ်တပ်ရပ်ရင်း ဆိုသည်။ သူပင် ရင်ထဲ လှုပ်ခနဲ ဖြစ်သွားရသည်။

"မေမေပြောချင်တာက ဒီအတိုင်းထိုင်ကြည့်မနေနဲ့၊ နောက်ထပ် ခိုင်းစရာရှိတာလေးတွေ ကြည့်ထားလို့ ပြောမလို့"

"အင်"

သူ့ရင်ထဲမှာ 'အင်'ခနဲ နင်သွားရသည်။ ဇနီးဖြစ်သူကတော့ 'မေမေတလည်း နောက်နေပြန်ပြီ'ဟု မျက်စိပျက်မျက်နှာပျက်ဖြင့် ဖာဖာထေးထေးဆိုသည်။

"ဟဲ့. . . နောက်စရာလား၊ ယောကျ်ားဆိုတာ





အိမ်ထောင်ဦးစီး၊ အိမ်ထဲက ကိစ္စအဝဝမှာ တာဝန်ရှိတယ်၊ လုပ်ပစေ"

ယောက္ခမကြီးကတော့ ခပ်တည်တည်ဖြင့် ဆိုသည်။ သူတင်းသည်ထက် တင်းလာသည်။ ဘာလို့များ သူ့ကို နှိပ်ကွပ်ချင်နေသည်မသိ။

"အမေ့ကို အိုဗာတင်းလေး ဖျော်တိုက်လိုက်ဦးလေ မိန်းမရဲ့"

သူ အံကိုကြိတ်တာဆိုဖြစ်သည်။

"ဟဲ့. . . မိန်းမကိုခိုင်းမနေနဲ့လေ၊ မင်းတိုက်ချင်တာ မဟုတ်လား။ မင်းတိုက်ချင်တာဆိုရင် မင်းဘာသာမင်း သွားဖျော်ပြီး ယူလာခဲ့"

'ဗျာ'ဟုဆိုရင်း 'မှားပြီ'ဟု သူတွေးမိလိုက်သည်။

"မဗျာနဲ့၊ သွားဖျော်တော့၊ ဘီစကစ်လေးပါ နှစ်ချပ်လောက်ယူခဲ့၊ မင်းပြောမှ ဗိုက်ကဆာလာတယ်၊ လာ. . . လာ သမီးက ဒီမှာလာထိုင်၊ မေမေ ပြောစရာရှိတယ်"

နေရင်းထိုင်ရင်းနှင့် သူ အောင့်သက်သက်ကြီး ဖြစ်သွားရသည်။ သမက်ဖြစ်သော သူ့ကိုကျတော့ အိမ်မှုကိစ္စတွေခိုင်းတာ၊ သမီးဖြစ်သူကိုကျတော့ အထိုင်ခိုင်းနေသည်ကို။ ယောက္ခမကြီးတို



www.burmeseclassic.com

www.burmeseclassic.com



သူ ရိချင်လာသည်။

"ဖြည်းဖြည်းထိုင် မိန်းမရေ၊ မြန်မြန်ထိုင်ရင် ကိုကို့မိန်းမ မောနေမှာစိုးလို့၊ အမေရေ"

"ဘာတုန်း"

"နှစ်မိနစ်ပဲစောင့်နော်"

"လျှာမရှည်နဲ့၊ ဖျော်မှာသာဖျော်ခဲ့၊ ဟဲ့. . . ဟဲ့ ရေနွေး မကျက်တာနဲ့လည်း ရွှံ့ပြီးမဖျော်ခဲ့နဲ့ဦးနော်၊ ငါက ဗိုက်သိပ်ကောင်းတာမဟုတ်ဘူး၊ အမလေး ပြောရတာမောလိုက်ချက်"

အိုဗာတင်းကို သူမဖျော်ခင်မှာ ယောက္ခမကြီးက အရင်ဖျော်သည်။ အောင့်သီးအောင့်သက်နှင့်ပင် သူ မီးဖိုထဲဝင်ခဲ့ဖြစ်သည်။

"တောက်. . . ယောက္ခမကြီးကလည်းကွာ ငါ့ကို ဘာလို့များ ဒီလောက်ထိမုန်းနေတာလည်းမသိဘူး၊ ဒီလောက်မှဖြစ်တဲ့ ယောက္ခမကြီး မြန်မြန်ဆီးချိုဖြစ်ပြီး လျှောလည်းအေးတာပဲ၊ သကြားကို နှစ်ဇွန်းပိုထည့်ပစ်ဦးမယ်"

"တဲ့"

"အောင်မလေးဗျ"

နှုတ်မှ ပွစိပွစိရေရွတ်ရင်း သကြားပုလင်းကို ကိုင်တုန်း





နောက်မှ 'ဟဲ့'ဟူသော ယောက္ခမကြီး၏ အသံကြောင့် သူလန့်ကာ အော်ဖြစ်သည်။

"ဘာတွေ ပွစိပွစိရွတ်နေတာတုန်း"

သူရေရွတ်သမျှကို ကြားလိုက်ဟန်မတူသော ယောက္ခမကြီးက အမေးရှိသည်မို့ သူ 'တော်ပါသေးရဲ့'ဟု သက်ပြင်းကို ချဖြစ် သည်။

"သြော်. . . ဒီလိုပါ အမေရဲ့၊ အမေ့ကို ဆီးချိုဖြစ်မှာစိုးလို့ သကြားလျှော့ထည့်မှပဲလို့ တွေးပြီး သားက ပြောကြည့်နေတာ"

"အေး. . . တော်သေးတာပေါ့၊ ငါက မင်းသကြားထည့်မိမှာစိုးလို့ လိုက်ပြောတာ၊ လုံးဝမထည့်နဲ့၊ ဒီအတိုင်းပဲဖျော်၊ ငါက အချိုမကြိုက်ဘူး၊ ရှေ့လျှောက် မှတ်ထားနော်"

"ဟုတ်ကဲ့"

သူ အောင့်သီးအောင့်သက်နှင့်ပင် 'ဟုတ်ကဲ့'ဖြစ်သည်။

"ပြီးရော. . . ဖျော်ပြီးရင် မြန်မြန်ယူခဲ့၊ ဗိုက်ကဆာနေပြီ"

ယောက္ခမကြီးက ခပ်ငေါက်ငေါက်ဆိုရင်း ချာခနဲလှည့်ကာသွားသည်။ မိန်းမရမှ ယောကျ်ားလေးအိမ်ခေါ်ဖြစ်ရသော ယောက္ခမကြီး၏ လက်တိုလက်တောင်းခိုင်းဖတ် ဖြစ်သည့် သူ့ကိုယ်သူ သနားသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရမယ် အမေရေ၊ တစ်မိနစ်ပဲစောင့်"

သူ ဝမ်းနည်းသံ၊ ယူကြုံးမရသံကြီးဖြင့် ထအော်ဖြစ်သည်။ ပြီး အိုဟာတင်းခွက်နှင့် ဘီစကစ်မုန့်ပန်းကန်ကို လင်ဗန်းငယ်တွင် ထည့်ကာ လက်နှစ်ဖက်ဖြင့် ရိုသေစွာကိုင်ရင်း ဧည့်ခန်းဆီသို့ သူ ချီတက်ဖြစ်သည်။

ဧည့်ခန်းတွင် ထိုင်နေသော ယောက္ခမကြီးကိုကြည့်ရင်း 'ခလုတ်တိုက်ချင်ယောင်ဆောင်ကာ အိုဟာတင်းခွက်ကို ယောက္ခမကြီးပေါ် သွန်ချလိုက်ရ'ဟု အရသာရှိရှိတွေးမိသည်။ အတွေးထဲမှာပင် ဆက်လက်၍ အိုဟာတင်းပူပူကြောင့် ထခုန်နေမည့် ယောက္ခမကြီးကို မြင်ယောင်မိရင်း သူပြုံးဖြစ်သည်။

"ဟဲ့"ဟု ယောက္ခမကြီးက ထ၍ဆိုသည်။

"ဗျာ"ဟု သူ သတိဝင်သွားဖြစ်၏။

"လင်ဗန်းကို ကိုင်ပြီး ဘာတွေပြုံးစိပြုံးစိ လုပ်နေတာလဲ၊ မြန်မြန်လာခဲ့လေ၊ ဗိုက်ဆာပါတယ်ဆိုနေမှ တစ်လှမ်းချင်း slow motion နဲ့ လျှောက်နေပြန်ပြီ"

သူ ခပ်သွက်သွက်လျှောက်ကာ ယောက္ခမကြီးရှေ့မှာ ချဖြစ်သည်။

"ပြောပါဦး စောစောက ဘာတွေတွေးပြီး ပြုံးနေတာ



တုန်း"

ယောက္ခမကြီးက ဘီစကစ်ကို မြိန်ယှက်စွာစားရင်း ဆို၏။

"ဘာရယ်မဟုတ်ပါဘူး အမေရာ၊ အမေ့ကို သားကိုယ်တိုင်ကိုယ်ကျ ပြုစုရလို့ ကြည်နူးပြီး ပြုံးမိတဲ့ ကြည်နူးပြုံးပါ"

"ငါ့အမြင်ပြောရရင်တော့ မင်းရဲ့အပြုံးက မချိတင်ကဲပြုံးတဲ့ မချိပြုံးလိုလို၊ မဲ့ပြီးပြုံးတဲ့ မဲ့ပြုံးလိုလိုပဲ"

ယောက္ခမကြီးက စားရင်းသောက်ရင်းနှင့်ပင် ပက်ခနဲဆိုသည်။

"မေမေကတော့လေ မေမေ့သမက်ကို နောက်နေပြန်ပြီ"

နောက်ဆုံးတော့ မိန်းမဖြစ်သူက ဖာဖာထေးထေး ဝင်၍ဆိုသည်။

"နောက်နေတာမဟုတ်ဘူး သမီးရဲ့၊ အတည်ပြောနေတာ အတည်ပြောနေတာ"

အိုဟာတင်းကို 'ဂွတ်'ခနဲ မော့သောက်ရင်း ယောက္ခမကြီးက 'အတည်ပြောနေတာ'ဟု နှစ်ကြိမ်နှစ်ခါတိတိ အတည်ပြုပြောကြား၏။

"ကိုကို Golf ရိုက်သွားမလို့ဆို သွားတော့လေ၊ တော်ကြာနောက်ကျနေဦးမယ်၊ ကိုကို့သူငယ်ချင်းတွေလည်း စောင့်နေ

www.burmeseclassic.com



လောက်ပြီ”

မိန်းမဖြစ်သူက သူ့ကို မျက်စိတစ်ဖက်မှိတ်ပြရင်း ဆိုသည်။ သဘောက သူမ၏အမေကို ရှောင်နိုင်ရန်အတွက် လမ်းဖွင့်ပေးခြင်းဖြစ်သည်။ မိခင်ဖြစ်သူနှင့် ယောကျ်ားဖြစ်သူကြားမှာ မျက်စိမျက်နှာပျက်နေရရှာသော မိန်းမဖြစ်သူကို သူ သနားသွားမိသည်။ တစ်လက်စထဲ ယောက္ခမကြီးကိုလည်း အချစ်ပေါ့သွားမိသည်။

“သွား သွား၊ မင်းမိန်းမတ မင်းအတွက် အရမ်းနားလည်ပေးတာနော်၊ အဲဒါကို ခေါင်းထဲမှာရော ရင်ဘတ်ထဲမှာပါ ထည့်ထား၊ Golf အကြောင်းပြပြီး ခြေမရှုပ်နဲ့နော်၊ ငါ့သူငယ်ချင်းတွေ Golf တစားနေတာ တစ်ပုံကြီး၊ ဘာသံမှ ပြန်မကြားချင်ဘူး၊ ဒါပဲ”

“စိတ်ချပါ အမေရာ၊ အမေ့သမက်ကလေ အမေ့သမီးကလွဲရင် အားလုံး ဖွဲနဲ့ဆန်ကွဲပဲ၊ ကဲ မိန်းမရေ ကိုကိုသွားပြီ၊ အမေစားထားတဲ့ဝန်းတန်တွေ ဒီအတိုင်းထားနော် ကိုကိုပြန်လာမှ ဆေးမယ်၊ တော်ကြာ မိန်းမမောနေမှာစိုးလို့”

အိမ်အပြင်သို့ထွက်ရင်း သူအော်ခဲ့ဖြစ်သည်။ ယောက္ခမကြီးတတော့ ကြားကြားချင်း ပွစိပွစိရွတ်နေမှာ မြင်ယောင်နေသေးသည်။

× × × ×





“ဒီတာလျံစကားပုံတစ်ခု ရှိတယ်ကွ၊ ဇနီးနဲ့နွားထီးကို မိမိ ရဲ့ဇာတိကပဲ ရွေးချယ်ပါတဲ့”

သူငယ်ချင်းဖြစ်သူ ဝင်းခိုင်၏စကားအဆုံးမှာ ‘ဘာဖြစ်လို့လဲ’ဟု သူမေးဖြစ်သည်။ ဝင်းခိုင်က ဟက်ခနဲရယ်သည်။

“မင်းရဲ့အဖြစ်ကိုပဲ အခုကြည့်လေ၊ မင်းသာ မင်းရဲ့မိန်းမကို မင်းတို့ရဲ့ မန္တလေးကနေ ယူထားရင် မင်းယောက္ခမကြီးရဲ့ အကြောင်းကို မင်း လေ့လာခွင့်ရှိမယ်လေ၊ အခုတော့ ရန်ကုန်သူကို ကောက်ယူပြီး ယောက္ခမကြီးအကောင်းစားကြီးနဲ့ တွေ့နေပြီ

www.burmeseclassic.com



ပေါ့"

"ဘာမှမဆိုင်ဘူး"

ဝင်းခိုင်၏စကားကို သူငြင်းဖြစ်သည်။

"ဘာမဆိုင်တာလဲ"

ဝင်းခိုင်က ပြန်၍မေးသည်။

"သူဆိုလိုတာက ကိုယ့်မျက်စိရှေ့မှာ မြင်နေရတဲ့ ဇနီးနဲ့ ခွားထီးက အကြောင်းသိတယ်၊ ဒါကြောင့် ရွေးချယ်လို့ကောင်းတယ်ဆိုတဲ့သဘော၊ ဒါပေမယ့်ကွာ ဒီခေတ်ကြီးမှာ အဲဒီလိုကြီး မျိုးရိုးတွေကအစ လိုက်လေ့လာစရာလိုသေးလို့လား"

သူမေးငေါ့ရင်း ဆိုဖြစ်သည်။ ဝင်းခိုင်က 'မပြောတတ်ဘူးလေ' ဟုဆိုရင်း ပခုံးကိုတွန့်သည်။

"ပြီးတော့ကွာ ငါက ငါ့မိန်းမကို အရမ်းချစ်နေတော့ နောက်ပြန်လှည့်လို့ ရခဲ့ရင်တောင် ဒီယောက္ခမနဲ့ ကြုံရမယ်မှန်း သိခဲ့ရင်တောင် ငါ ဒီလမ်းကိုပဲ ရွေးချယ်မိမှာပဲ"

"အေးလေ. . . မကိုခင်ရင် ဥကိုခင်ရမယ်ဆိုတဲ့စကားလိုပဲ မိန်းမတိုချစ်မှတော့ ယောက္ခမကြီးကိုပါ ချစ်ရတော့မှာပေါ့"

ဝင်းခိုင်က တရားချသည်။

"အေးကွာ. . . ယောက္ခမဆိုတာလည်း မိဘပါပဲ၊ သူ





ဘယ်လောက်ပဲ ကိုယ့်အပေါ် အမြင်စောင်းနေနေ ဒီလိုပဲသည်းခံရတော့မှာပဲကွာ"

သူပြောရင်း သက်ပြင်းချဖြစ်သည်။ Golf ရိုက်ရန်ဟူသော အကြောင်းပြချက်ဖြင့် Golf Set ကို ကားပေါ်တင်ကာ လက်ဖက်ရည်ဆိုင် လာထိုင်နေရသော ကိုယ့်ကိုယ်ကို တော်တော်ကြီး သနားနေမိသည်။

"ဒါနဲ့ မင်းက ကံကောင်းပါတယ်ကွာ၊ ဘာပဲပြောပြော မင်းတို့လင်မယားနှစ်ယောက်ထဲ သီးသန့်နေရတာမဟုတ်လား၊ ယောက္ခမကြီးနဲ့ တစ်အိမ်စီဆိုတော့ကွာ ဘာပဲပြောပြော တစ်အိမ်တည်း အတူနေရတာနဲ့စာရင် တော်သေးတာပေါ့ကွာ"

ဝင်းခိုင်က အရယ်တစ်ဝက်ဖြင့် ဆိုသည်။

"အေးကွာ. . . ယောက္ခမကြီးနဲ့သာ တစ်အိမ်တည်း အတူတူနေရရင် ငါတော့ ယားလို့တောင် ကုတ်ဖို့ အချိန်ရမှာမဟုတ်ဘူး"

"ဒါနဲ့ စကားမစပ် မင်းရဲ့ယောက္ခမကြီးက ဘာလို့ မင်းနဲ့ သဘောမတူတာလဲ၊ မင်းက ရုပ်လည်းဖြောင့်တယ်၊ လူမျိုးလူလွတ်ကွာ၊ ပြီးတော့ အလုပ်နဲ့အကိုင်နဲ့ကွာ အရမ်းကြီး မချမ်းသာပေမယ့် လူလတ်တန်းစားတွေထက်တော့ ချမ်းသာတယ်ပြောရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာချို့ယွင်းချက်ရှိလို့ သူက မင်းကို ကြည့်မရဖြစ်နေရတာတုန်း"

ဝင်းခိုင်က စဉ်းစားမရဟန်ဖြင့် ဆိုသည်။

"မပြောတတ်ပါဘူးကွာ၊ သူ့သမီးနဲ့ ဘယ်သူနဲ့မှကို တူတယ်တန်တယ်လို့ မထင်တာနဲ့ တူပါတယ်ကွာ"

သူ အရယ်တစ်ဝက်ဖြင့် ဆိုဖြစ်သည်။ ထိုစဉ်မှာပင် ဖုန်းဝင်လာသည်မို့ အိတ်ကပ်ထဲမှ ဖုန်းကို သူကိုင်ဖြစ်သည်။

ဖုန်းက ချစ်ဇနီးဆီမှဖုန်း ဖြစ်သည်။

"ဟဲလို"

"ကိုကိုရေ. . . မေမေ အခုပဲပြန်သွားပြီ"

"ယောက္ခမကြီး ပြန်ပြီလား၊ ဒါဖြင့် ပြန်လာလို့ရပြီပေါ့၊ OK ကိုကို အခုပဲပြန်ခဲ့မယ်"

ဖုန်းကို အိတ်ကပ်ထဲပြန်ထည့်သော သူ့ကိုကြည့်ရင်း ဝင်းခိုင်က ဟက်ခနဲရယ်သည်။ သူပါရောရယ်ဖြစ်သည်။ ပြီး. . .

"အေးကွာ. . . ကိုယ့်ထိုက်နဲ့ကိုယ့်ကံပေါ့"

ဟု သူရှက်အမ်းအမ်းဖြင့် ဆိုဖြစ်သည်။

× × × ×



**A woman will not lack an excuse.**

မိန်းမတစ်ယောက်အဖို့ ဘယ်တော့မှ ဆင်ခြေချို့တဲ့မည် မဟုတ်။

***Welsh Proverb***

××××

www.burmeseclassic.com

"မမေကတော့ သမီးတို့အိမ်မှာပဲ အတူတူလာနေတော့မယ်"

"ဗျာ"

ယောက္ခမကြီး၏ စကားအဆုံးမှာ သူ 'ဗျာ'ဖြစ်သည်။ ချစ်ဇနီးတတော့ မသိမသာ သူ့ကိုဆွဲဆိတ်သည်။

"ကြည့်ပါဦး မမေက အတူတူလာနေမယ်ပြောတာနဲ့ပဲ သမက်လုပ်တဲ့သူက ဝမ်းတွေသာနေလိုက်တာ၊ ဗျာခနဲကိုနေတယ်၊ မမေ ဘယ်နေ့လောက် ပြောင်းခဲ့ရမလဲ သား"



ယောက္ခမကြီးက သူ့ကိုကြည့်ကာ မေးသည်။ ထိတ်လန့်တကြားအော်မိသော 'ဗျာ'ကိုပင် ယောက္ခမကြီးက 'ဝမ်းသာသံ' ဖြစ်အောင်ဆိုသည်။ ပြီး အပီအပြင်ပင် 'ဘယ်နေ့ပြောင်းခဲ့ရမလဲ' ဟု ဆိုသည်။

"ဟို. . . ဟိုဗျာ အမေ့အိမ်က ဘာဖြစ်လို့လဲ"

သူ အထစ်ထစ်အငေါ့ငေါ့ဖြင့် မေးဖြစ်သည်။

"ဘာမှမဖြစ်ပါဘူး သားရယ်၊ အိမ်မှာက အိမ်ဖော်မလေး ဂျင်ဆန်းမိနဲ့ မမေနဲ့ နှစ်ယောက်တည်းနေရတာလေ၊ ဂျင်ဆန်းမိက မနေ့ကပဲ ယောကျ်ားနောက်လိုက်သွားတော့ အမေတစ်ယောက်တည်း ဖြစ်နေတာလေ၊ ဗေဒင်သွားမေးကြည့်တော့လည်း အိမ်မှာနေရပ်မတော်ဘူးတဲ့၊ ဖြစ်နိုင်ရင် နှစ်နှစ်လောက်တခြားမှာပြောင်းနေသင့်တယ်ဆိုတာနဲ့ပဲ"

"ဒါဖြင့် ဒီလိုလုပ်လေ မမေ၊ သားတို့လင်မယားက အမေ့အိမ်ကို ပြောင်းနေပေးမယ်၊ အမေ သားတို့အိမ်မှာလာနေ၊ အဲဒီလိုဆိုဖြစ်တာပဲ၊ အိမ်ဆိုတာမျိုးက ဒီအတိုင်းပစ်ထားရင် ပျက်စီးကုန်မှာ"

သူ ဝမ်းသာအားရပင် ဆိုဖြစ်သည်။ သို့သော် ယောက္ခမကြီးက ခေါင်းကို ဘယ်ညာရမ်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူးကွယ်၊ အမေက အကုန်တွက်ထားပြီးသား၊ မနေ့ကလည်း အကုန်လုံးကို စဉ်းစားပြီး ပွဲစားကို လူငှားတင်ဖို့ အပ်ထားတယ်၊ အမေက သားတို့နဲ့ အတူနေဖြစ်မှာ ကျန်းမာရေးကလည်း အခုတလော ချူချာတယ်လေ သားရဲ့၊ အဟွတ်. . . ဟွတ်"

ပြောရင်းဆိုရင်း ချောင်းထဆိုးသော ယောက္ခမကြီးကို သူ အံ့သြစွာကြည့်ဖြစ်သည်။ အကောင်းကြီးကနေ ချောင်းလုပ်ဆိုးပြမှန်း အသိသာကြီးမို့ သူ အတော်ကြီး အောင့်သက်သက်ဖြစ်မိသည်။

"ကောင်းတာပေါ့ အမေရယ်၊ သမီးတို့လည်း လူကြီးသူမရှိတော့ အားရှိတာပေါ့၊ ဟုတ်တယ်နော် ကိုကို"

ချစ်ဇနီးက သူ့ထောက်ခံချက်ကို တောင်းသည်။

"ဟုတ်တာပေါ့၊ အရမ်းအရမ်းကို ကောင်းတာပေါ့ မေမေရယ်၊ သားတလေ မေမေနဲ့ အတူတူနေချင်တာ ကြာ. . . လှ. . . ပြီ"

သူတမင်ပင် အိုဗာဖြစ်နေသောစတိုင်ဖြင့် ဆိုဖြစ်သည်။ ရင်ထဲမှာတော့ တော်တော်ကြီး ဆို့နင့်နေမိသည်။

"ကဲ ကဲ ဒါဖြင့် အိမ်မှာ ပစ္စည်းပစ္စယတွေ ပြန်သိမ်းလိုက်





ဦးမယ်၊ ပြီးတော့မှ မေမေဖုန်းဆက်လိုက်မယ် သိလား"

"ဟုတ်ကဲ့ပါ မေမေရဲ့၊ မေမေ့ပစ္စည်းတွေ သယ်ဖို့ပိုးဖို့ ကားနဲ့ အလုပ်သမား လွှတ်ပေးလိုက်မယ်နော်"

ချစ်ဇနီးလေး ယမုံဖြူက အထက်ပါအတိုင်း ဆိုသည်။

"အိုကွယ် သမီးကလည်း ဘာကိစ္စ အလုပ်သမားလွှတ်မှာလဲ၊ မေမေ့သမက်တစ်ယောက်လုံး ရှိနေတဲ့ဥစ္စာ၊ သူပဲသယ်ပါစေ၊ သွေးပူလေ့ကျင့်ခန်းလေးပေါ့ကွယ်၊ ဟုတ်တယ်နော် သား"

"ဟုတ်ကဲ့ပါ အမေ"

ရင်ထဲမှလာသော ဝမ်းနည်းသံကြီးဖြင့် သူ 'ဟုတ်ကဲ့'ဖြစ်သည်။ ယောက္ခမကြီးကတော့ လိမ်ကျစ်လိမ်ကျစ်ဖြင့် ပြန်ကာသွားသည်။

"ယမုံကတော့ မေမေနဲ့ အတူတူနေရမှာဆိုတော့ အလိုလိုနေရင်း အားတွေပြည့်လာသလိုပဲ"

ချစ်ဇနီးက လက်သီးဆုပ်ကာ အားရဝမ်းသာဆိုသည်။

"ကိုကိုကလည်းလေ ယောက္ခမကြီးနဲ့ တစ်အိမ်တည်းနေရတော့မှာဆိုတော့ကွာ ကြည်နူးလွန်းလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ဘူး၊ ပျော်လိုက်ပုံများမိန်းမရယ် ပြောကိုမပြောတတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ အောင့်သီးအောင့်သက်ဖြင့် ခပ်ရွှဲ့ရွှဲ့ဆိုဖြစ်သည်။ ရွှဲ့ပြောလို့ပြောမှန်း သိပုံမရသော ယောက္ခမကြီး၏သမီး သူ၏ ချစ်ဇနီးကတော့ ပြုံးလို့သာနေတော့၏။ သူကတော့ ဝေလစကားပုံတစ်ခုကို ပြေးမြင်မိသည်။

× × × ×



"ဝေလစကားပုံတစ်ခုက မိန်းမတစ်ယောက်အဖို့တာ ဘယ်တော့မှ ဆင်ခြေချို့တဲ့မှာမဟုတ်ဘူးတဲ့၊ ယောက္ခထီးက သဘော်ာလိုက်၊ သမီးဖြစ်သူက ငါနဲ့ညားဆိုတော့ကွာ သူ့ခမျာ အိမ်အကူကောင်မလေးနဲ့ပဲ အဖော်ပြုနေရတာ၊ အခုလိုဖြစ်သွားတော့ သူက ဆင်ခြေတွေပေးပြီး ငါတို့လင်မယားနဲ့ လာနေစရာ အကွက်ဆိုက်သွားရော၊ သူ့သားလင်မယားက ဓောင်ကြီးမှာလေ"

သူ၏ ရှည်လျားသောစကားအဆုံးမှာ ဝင်းခိုင်နှင့် သန့်ဇော်က ပြုံးဖြီးဖြီးကြီးတွေဖြင့် သူ့ကိုကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်ပေါ့ကွာ. . . ယောက္ခမဆိုတာကလည်း မိဘပါပဲကွာ၊ မင်းရဲ့မိဘတွေက မန္တလေးမှာဆိုတော့ မင်းနဲ့လာမှ နေမပေးနိုင်တာ၊ အိမ်မှာ လူကြီးသူမရှိတော့လည်း ကောင်းတာ ပေါ့ကွာ"

ဝင်းခိုင်၏စကားအဆုံးမှာ သန့်ဇော်က 'မှန်တာပေါ့'ဟု ထောက်ခံသည်။ သူက ဟက်ခနဲ မချိရယ်ရယ်ဖြစ်သည်။

"သူ့ရဲ့ တစ်ဦးတည်းသောသမီးကို သူ့ဆီကနေ ဆွဲထုတ်ခဲ့လို့ ငါ့ကိုမကြည်တာနဲ့ တူပါတယ်ကွာ၊ ခိုင်းစရာရှိရင်တော့ သား. . . သားနဲ့ သူ့စိတ်အလိုမကျရင် မင်းနဲ့ငါနဲ့ ပြောရော၊ ငါ့မှာ တွာ တစ်နေ့တစ်နေ့ ကိုယ့်အိမ်ပေါ်တက်နေတဲ့ ဒီယောက္ခမကြီး ရဲ့ မျက်နှာကိုပဲ ကြည့်ကြည့်နေရတယ်"

သူ့စကားအဆုံးမှာ သန့်ဇော်က သက်ပြင်းကိုချသည်။ ပြီး

"မင်းယောက္ခထီး ပြန်လာရင်လည်း သူတို့အိမ်က လူငှားတင်လိုက်ပြီဆိုတော့ မင်းအိမ်ပေါ်ပဲ ရောက်လာကြမှာပေါ့၊ ယောက္ခထီးကရော ဘယ်လိုလဲ မင်းရဲ့ယောက္ခမကြီးအပေါ် ဩဇာရှိရဲ့လား"

ဟု မေးသည်။

"ယောက္ခထီးက သဘောကောင်းတယ်ကွ၊ လူအေးကြီး၊





ခက်တာက ယောက္ခမကြီးက ဆြာမကြီးကွ၊ တစ်အိမ်လုံးက သူ့သဘောမှ သူ့သဘောဖြစ်နေတယ်"

"မင်းအဖြစ်ကလည်းကွာ"

ဝင်းခိုင်က ခေါင်းကုတ်ရင်း ဆိုသည်။

"အခုလည်း ငါတို့လင်မယားနှစ်ယောက် အလုပ်သွားရင် သူတစ်ယောက်တည်းဖျင်းလို့တဲ့ အိမ်အကူခေါ်မလို့တဲ့ကွာ"

"မင်းဥစ္စာက အိမ်အကူခေါ်မှာလား၊ သူနဲ့စကားပြောဖော် ခေါ်မှာလား ကြည့်လည်းလုပ်ဦးနော်၊ မင်းပြောပုံအရဆိုရင် မင်းရဲ့ ယောက္ခမကြီးနဲ့ တော်တန်ရုံလူနဲ့ ဖြစ်မှာမဟုတ်ဘူး"

သန့်ဇော်က စဉ်းစားရင်းဆိုသည်။

"မပြောတတ်ဘူးကွ၊ ဒါပေမယ့် မခေါ်ပြန်ရင်လည်း ငါပဲ မောမှာကွ၊ ယောက္ခမကြီးက သူ့သမီးအလုပ်လုပ်ရင် မကြိုက်ဘူး၊ ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ ငါ့ကိုပဲ အလုပ်တွေဖိခိုင်းတာ"

သူ ခေါင်းကုတ်ရင်းဆိုဖြစ်သည်။

"ဘာပဲပြောပြော လောလောဆယ်တော့ မင်းတို့အိမ်မှာ လူတွေတိုးလာပြီပေါ့၊ ပျော်စရာကြီးနေမှာပဲ"

ဝင်းခိုင်က ရွှတ်နောက်နောက်ဆိုသည်။

"ပျော်တာပေါ့ကွာ၊ ပျော်လွန်းလို့ ဘယ်အချိန် အိမ်ပြင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ရမလဲ ချောင်းနေတာ၊ အခုလည်း ဟိုဟိုဒီဒီအကြောင်းပြပြီး လစ်ထွက်လာတာကွ၊ အိမ်မှာနေရတာ အသက်ရှုကြပ်လွန်းလို့"

သူ့ ပခုံးတွန့်ပြရင်းက ဆိုဖြစ်သည်၊

"မင်းမှာလည်း ဒုက္ခ"

သန့်ဇော်က ခေါင်းယမ်းရင်း ဆိုသည်။ သူ့ဘာပြန်ပြော လိုက်ရမှန်းမသိ။ 'အေးကွာ'ဟုသာ ရေရွတ်ဖြစ်သည်၊

× × × ×



**Dauthers are easy to rear, but hard to marry.**

သမီးများသည် ပျိုးထောင်ရန် လွယ်ကူသလောက် အိမ်ထောင်ချပေးရန် ခက်၏။

***German Proverb***

×××××

www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမကြီးတစ်ယောက် သူတို့အိမ်ကို ရောက်သည့်နေ့မှစ၍ ယောက္ခမကြီးနှင့်အတူ မကြာခဏ လာလည်ကြသော ဧည့်သည်များပါ ပါလာခဲ့သည်။

"သားရေ. . . အိုဗာတင်းလေးနှစ်ခွက် ဖျော်ခဲ့ပါဦး"

ဧည့်သည်များ၏ရှေ့မှာ 'သားရေ'ဟု ချိုသာစွာခေါ်သော စကားသံ၏နောက်မှာ ခိုင်းစရာပါလာမည်ကို သူကြိုသိပြီးဖြစ်သည်။

"သမီးဖျော်နေပြီ မေမေရေ"



ချစ်ဇနီးလေးက အလိုက်သိစွာပင် ဖျော်နေပြီမို့ သူ ယောက္ခမကြီးဆီ ကြည့်ဖြစ်သည်။ သဘောက 'ဘာခိုင်းစရာရှိသေးလဲ'ဟူသော သဘော။

"သမီးက အိုဗာတင်းဖျော်နေပြီဆိုတော့ သားက မုန့်ပန်းကန်လေးယူခဲ့"

ချိုပျစ်နေသော ယောက္ခမကြီး၏ စကားသံအဆုံးမှာ

"တစ်ခါတည်းယူခဲ့ပါပြီ မေမေရဲ့"

ဟူသော ချစ်ဇနီးဖြစ်သူ ယမုံဖြူ၏စကားကို သူကြားရသည်။

"မမကြီးရဲ့ သမီးနဲ့သမက်က ချောလိုက်ကြတာ၊ ကိုရီးယားမင်းသား မင်းသမီးစုံတွဲ ကျနေတာပဲ"

"ဟုတ်ပ. . . နဖတ်နေတာပဲ"

ယောက္ခမကြီး၏ ဧည့်သည်နှစ်ယောက်က သူတို့လင်မယားနှစ်ယောက်ကို ကြည့်ကာ ချီးမွမ်းခန်းဖွင့်သည်။

"အန်တီတို့ မုန့်စားပါဦးခင်ဗျ"

သူ အရယ်တစ်ဝက်ဖြင့် ဆိုဖြစ်သည်။

"ကြည့်စမ်းပါဦး စကားပြောတာကလည်း ယဉ်ကျေးလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



အန်တီကြီးတစ်ယောက်က ထပ်မံ၍ ချီးမွမ်းခန်းဖွင့်ပြန်သည်။

"ကျွန်မသမီးက အမေတူသမီးဆိုတော့ အပြစ်ပြောစရာမရှိအောင် လှတာကတော့လေ လူတိုင်းကပြောကြတယ်၊ သမက်ကကျတော့ နည်းနည်းလောက် ပိန်နေသလားလို့"

ယောက္ခမကြီးက သူ့ကိုလှမ်းကြည့်ရင်း မျက်နှာကိုအနည်းငယ်ရှုံ့ကာ 'ပိန်နေသလားလို့'ဟု ဆိုသည်။

"မမကြီးကလည်း ဒီခေတ်ကြီးမှာ ယောကျ်ားလေးတော်တော်များများက ဘီယာတွေသောက်ပြီး ဖောနေဝနေကြတာများတယ်၊ မမကြီးရဲ့သမက်က မပိန်ပါဘူး၊ အနေတော်ပါပဲ"

အန်တီကြီးတစ်ယောက်က 'မပိန်ပါဘူး'ဟု ဆိုသည်။

"အန်တီတို့ ဖြည်းဖြည်းလည်ကြဦးနော်၊ ကျွန်တော် အလုပ်သွားလိုက်ဦးမယ်၊ ယမုံရေ ကိုကို့ကို ကားသော့လေးယူခဲ့ပါဦး"

ဧည့်သည်များကို ပြုံးပြနှုတ်ဆက်ရင်း ဇနီးဖြစ်သူကို လှမ်းပြောဖြစ်သည်။ ယောက္ခမကြီးကတော့ ဧည့်သည်များရှေ့မှာမို့ ပြုံးရင်း သူ့ကိုကြည့်သည်။ ဧည့်သည်များသာမရှိပါက 'ကားသော့လေးတောင် ကိုယ့်ဘာသာကိုယ် သွားမယူနိုင်ဘူးလား'ဟု ငေါက်မှာသေချာသည်။

"သမက်က ဘာအလုပ်လုပ်တာလဲ မမကြီး"

"သူ့မိဘတွေရဲ့ ဆောက်လုပ်ရေးကုမ္ပဏီမှာ လုပ်တာလေ"

မဖြေချင်ဖြေချင်ဖြင့် ယောက္ခမကြီးက ဖြေသည်။

"ရော့. . . ကိုကို"

ထိုစဉ်မှာပင် ဇနီးဖြစ်သူက ကားသော့ကို လှမ်း၍ပေးသည်။

"သမီးတို့ သွားလိုက်ဦးမယ်နော်"

ယမုံက ဧည့်သည်နှစ်ယောက်တို့ နှုတ်ဆက်သည်။ ဧည့်သည်များက 'အေး. . . အေး၊ သွားကြ၊ သွားကြ'ဟု ဆိုသည်။

"မမကြီးရဲ့ သမီးက တကယ်ချောတာပဲ၊ မပြင်မဆင်ဘဲနဲ့ကိုလှတာ၊ မမကြီးကတော့ အရိပ်တကြည့်ကြည့်နဲ့ ဖျိုးထောင်ခဲ့ရမှာပဲနော်"

ဧည့်သည်အန်တီကြီးက အိမ်ပြင်သို့ထွက်နေပြီဖြစ်သော သူတို့နှစ်ယောက်ကိုကြည့်ရင်း ဆိုလိုက်ဟန်တူသည်။

"ဂျာမန်စကားပုံတစ်ခုလိုပေါ့ရှင် သမီးတွေဟာ ပြုစုပျိုးထောင်ရလွယ်သလောက် အိမ်ထောင်ချပေးဖို့ ခက်တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လေ၊ ကျွန်မယူစေချင်တဲ့ သူဌေးကိုမယူဘဲနဲ့ သူယူချင်တာကိုပဲ ယူတာ၊ အခုတော့ မြင်တဲ့အတိုင်းပဲ သမက်က အလုပ်သွားလို့ သူ့မှာမနားရဘူး၊ သူလည်းအလုပ်သွားနေရတယ်"

တမင် မကြားကြားအောင် ပြောသောစကားသံကြောင့် ဇနီးဖြစ်သူကို သူကြည့်ဖြစ်သည်။ သူမက အားနာဟန်ဖြင့် သူ့ကို ကြည့်သည်။

"ယမုံ့ကို ကိုကိုပြောသားပဲ၊ အလုပ်မလုပ်ပါနဲ့လို့၊ အခုတော့ ပေါ်တင်ကြီး အပြောခံနေရပြီတွေ့လား"

"အိမ်မှာနေရတာ ပျင်းလို့ အလုပ်လုပ်တယ်ဆိုတာ ယမုံ သေသေချာချာ ရှင်းပြထားပြီးသားပါ ကိုကိုရဲ့၊ ညနေ အလုပ်က ပြန်လာမှ ထပ်ပြီးတော့ ရှင်းပြထားလိုက်မယ် ဟုတ်ပြီလား"

သူမ၏ ခပ်ချွဲချွဲအဆိုအောက်မှာ သူဘာမှမဆိုဖြစ်တော့။

"မြန်မြန်ကလေးယူမှဖြစ်မယ်၊ ဒါမှ မိန်းမလည်း ကလေး တစ်ဖက်နဲ့ဆိုတော့ အလုပ်ကထွက်ရမှာ ယောက္ခမကြီးလည်း ကလေးနို့လျှော်လိုက်၊ ကလေးထိန်းလိုက်နဲ့ မနားရတော့ဘူး၊ သမက်တို့နှိပ်ကွပ်ဖို့ အချိန်လည်းရတော့မှာမဟုတ်ဘူး"

ပြောရင်း သူ သဘောကျစွာရယ်ဖြစ်သည်။

"ကိုကိုနော်. . . သူများက ဗိုက်ကြီးရမှာ ရှုတ်ပါတယ်ဆို နေမှ"

ချစ်ဇနီးလေးက ရှက်ဝဲဝဲဖြင့်ဆိုသည်။

"ယောက္ခမကြီးကို နိုင်အောင်တိုက်ဖို့က ဒီတစ်နည်းပဲ ရှိတော့တာမို့ပါ ယမုံရယ်၊ ဗိုက်လေးကြီးပေးရတာ ဘာအပန်းကြီး လို့လဲ"

သူ ပြောင်စိစိဖြင့် ဆိုဖြစ်သည်။

"ဗိုက်လေးကြီးပေးရတာ ဘာအပန်းကြီးလို့လဲ ဟုတ်လား၊ သူကြီးဖူးတာကျနေတာပဲ၊ မသိဘူးကွာ ရှက်တယ်၊ မပြောနဲ့တော့ ဒါပဲ"

သူမက မျက်နှာကြီးနီရဲရင်း 'ဒါပဲ'ဟုဆိုသည်။ သူဘာ ရယ်မဟုတ် 'ဟက်'ခနဲရယ်ဖြစ်သည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



အိမ်အကူခေါ်သောကိစ္စက ထုံးစံအတိုင်း ပွဲစားဖြင့် ဆက်သွယ်ရသည်။ ပွဲစားက အိမ်အကူကောင်မလေးကို ရုံးပိတ်ရက် တနင်္ဂနွေနေ့ကြီးမှာ ခေါ်လာသည်မို့ အိမ်မှာ သူတို့လင်မယား ရော ယောက္ခမကြီးပါ လူစုံတက်စုံရှိကာနေသည်။

ပွဲစားနှင့် ယောက္ခမကြီးတို့ အပြန်ပြန်အလှန်လှန် ပြောဆိုကြပြီး နောက်ဆုံးမှာ ပွဲစားထံသို့ ပွဲခနှင့် အိမ်အကူကောင်မလေး အတွက် ခြောက်လစာကို ထုံးစံအတိုင်း ပေးလိုက်ရသည်။

ပွဲစားပြန်သွားပြီးသည်နှင့် ယောက္ခမကြီးက အိမ်အကူ





ကောင်မလေးကို လှမ်း၍ကြည့်သည်။

"အုန်းစောရေ. . . ညည်း ကိုရီးယားကားကြိုက်လား"

"ကြိုက်တာပေါ့ ဒေါ်လေးရဲ့၊ သမီးကလေ ရုပ်ကလေး က ကိုရီးယားချောချောပြီး အွန်စောနဲ့တူလို့ဆိုပြီးတော့ အွန်စော အွန်စောနဲ့ ခေါ်ကြလွန်းလို့ သမီးနာမည် အုန်းစောပါလို့ ပြောပြော ယူရတယ်၊ အဟက်ဟက်"

အုန်းစော၏ အဖြေကြောင့် သူနှင့်ယမုံ ရယ်ဖြစ်ကြသည်။ ယောက္ခမကြီးကတော့ နှာခေါင်းရှုံ့သည်။ ပြီး အွန်စောနှင့် နင်လား ငါလားဆိုသော အုန်းစောကိုကြည့်ရင်း မဲ့ပြုံးပြုံးသည်။

"အွန်စောကြားရင် စိန်စားပြီးသေသွားပါဦးမယ် အုန်းစောရယ်၊ ဒါနဲ့ နေပါဦး ညည်းနာမည်က အွန်စောဆိုလည်း အွန်စောလို့မှည့်ပါလား၊ ဘာကိစ္စ အုန်းစောဖြစ်နေရတာတုန်း"

ယောက္ခမကြီး၏ မေးခွန်းအဆုံးမှာ အုန်းစောကရယ် သည်။

"သမီးရဲ့အဖေနာမည်က ဦးအုန်း၊ အမေနာမည်က ဒေါ်စောလေ၊ ဒီတော့ အုန်းစောဆိုပြီးတော့ မှည့်ထားတာ၊ အဖေ နာမည်ရော အမေနာမည်ရော ပါတာပေါ့၊ အွန်စောပေါ်တာက မနေ့တစ်နေ့ကပါ၊ အုန်းစောက ဒီနာမည်နဲ့နေလာတာ အသက်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဆယ်ရှိပြီ၊ အဟင်း ဟင်း"

ခေသူမဟုတ်သော အုန်းစော၏စကားကြောင့် သူနှင့်ယမုံကတော့ ပြုံးဖြစ်သည်။ ယောက္ခမကြီးကတော့ 'မှတ်သားလောက်ပါပေတယ်ကွယ်'ဟု ခပ်ရွှတ်ရွှတ်ဆိုသည်။ သူမပြောမှပဲ အွန်စောက နောက်ကောက်ကျနေသည်ကိုး။

"ဦးဂွန်နဲ့ ဒေါ်စောရရင် ဂွန်စောတွေဘာတွေ မှည့်ကြဦးမလားမသိဘူး၊ ဒါနဲ့ ညည်းက ဒီမလာခင်တုန်းက ဘာလုပ်ခဲ့တာတုန်း"

ယောက္ခမကြီးက အုန်းစောကိုကြည့်ရင်း မေးသည်။

"ဒီအိမ်မလာခင်တုန်းက ဒီလိုပဲ ရွှေအိမ်မှာအလုပ်လုပ်ခဲ့တာပဲ ဒေါ်လေးရဲ့၊ သူတို့က တစ်မိသားစုလုံး နိုင်ငံခြားထွက်သွားကြတယ်လေ၊ ဒါနဲ့ပဲ ဒီအိမ်ရောက်လာတာ"

အုန်းစောက 'ဒီအိမ်ရောက်လာတာ'ဆိုသော စကားပြောစဉ်မှာ အိမ်ကို မျက်လုံးဖြင့် တစ်ချက်ဝေ့ကြည့်တာ နှာခေါင်းရှုံ့ရင်းဆိုသည်။ သဘောက ယခုအိမ်ကို အရင်အိမ်လောက် သဘောမတွေ့သည့်သဘော။ ဒါကို ယောက္ခမကြီးက မြင်သည်။ သို့သော် ဘာမှတော့မပြော။ သူကတော့ အုန်းစောကို အတော်ကြီးသနားနေမိသည်။ အုန်းစောတစ်ယောက်တော့ ယောက္ခမကြီးနှင့် နေ့စဉ်



မည်သို့စခန်းသွားမည်မသိ။

"ကဲ. . . ကဲ လာ အုန်းစောနေရမယ့်အခန်းကို ဒေါ်လေးလိုက်ပြမယ်၊ အိတ်တွေယူခဲ့"

ယောက္ခမကြီးက အုန်းစောကိုဆိုရင်း ထရပ်သည်။ အုန်းစောက သူမ၏အိတ်နှစ်လုံးကိုဆွဲကာ ယောက္ခမကြီးနောက်သို့ လိုက်သည်။

"အဆင်ပြေပါစေ"

သူ၏အဆိုကြောင့် ဇနီးဖြစ်သူက 'ဘာကိုလဲကိုကိုရဲ့'ဟု မေးသည်။ သူ အုန်းစောနှင့် ယောက္ခမကြီးကို မေးငေါ့ပြဖြစ်သည်။

"ယောက္ခမကြီးနဲ့ အုန်းစောကိုပြောတာ၊ သူတို့နှစ်ယောက်ကိုကြည့်ရတာ သိပ်တော့မလွယ်ဘူး၊ အုန်းစောကလည်း ခေသူမဟုတ်၊ ယောက္ခမကြီးကလည်း ဆရာကြီးဆိုတော့"

သူ့စကားပင်မဆုံးသေး အုန်းစော၏အသံက စီခနဲထွက်ကာလာသည်။ အုန်းစော၏အသံနှင့်အတူ ယောက္ခမကြီး၏ အသံကလည်း စီခနဲထွက်ကာလာသည်။ သူနှင့်ယမုံတို့ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ဖြစ်ကြသည်။ ပြီး ယောက္ခမကြီးတို့ဆီ နှစ်ယောက်သား အပြေးတစ်ပိုင်းထွက်ခဲ့ကြသည်။

"ဘာဖြစ်တာလဲ အမေ"

www.burmeseclassic.com

www.burmeseclassic.com



သူ ယောက္ခမကြီးကို မေးဖြစ်သည်။

"သူပြောတာသာ နားသောတဆင်ဟော့"

ယောက္ခမကြီးကလည်း ပက်ခနဲပင်ဆိုသည်။ ပြီး အုန်းစောကို အံ့သြဟန်ဖြင့် မျက်လုံးကြီးပြူးကာ ကြည့်သည်။

"ဒီလိုပါအစ်ကိုလေးရယ် အုန်းစောကလေ မွေးကတည်းက ခုတင်နဲ့အိပ်လာတာဆိုတော့ အကျင့်တပါနေပြီ၊ ခုတင်နဲ့ မဟုတ်ရင် မအိပ်တတ်ဘူး၊ အဲဒါလေ ဖြစ်နိုင်မယ်ဆိုရင် နောက်ရက်တွေကျတော့ ခုတင်အစုတ်ကလေးပဲဖြစ်ဖြစ် အုန်းစောရဲ့ အခန်းထဲ ထည့်ပေးပါလားလို့ ဒေါ်လေးကိုပြောပြတာ၊ ဒေါ်လေးတလေ"

"လုပ်မပေးနိုင်ဘူးလို့ ပြောလိုက်တယ်"

အုန်းစော၏စကားကိုဖြတ်ကာ ယောက္ခမကြီးက ဆိုသည်။

"ဒေါ်လေးရယ် အုန်းစောကလေ"

"တော်ပြီ ဆက်မပြောနဲ့တော့၊ ညည်းကို ကြမ်းပေါ်အိပ်ခိုင်းတာလည်းမဟုတ်ဘူး၊ ပါကေးခင်းထားတဲ့ ကြမ်းပေါ်မှာက မွေးပွတော်ဇော၊ အဲဒီကော်ဇောပေါ်မှာ အိပ်ရာခင်းပြီးအိပ်ခိုင်းတာ၊ ဘာခုတင်မှ ဝယ်မပေးနိုင်ဘူး၊ ဒါပဲ"



ထုံးစံအတိုင်းပင် ယောက္ခမကြီးက စကားကို လှ၍ပြောသည်။

"မေမေကလည်း ခုတင်လေးတစ်လုံး ဘယ်လောက်ရှိလို့လဲ၊ အုန်းစောက ခုတင်နဲ့မှ အိပ်တတ်တယ်ဆိုရင် သမီးဝယ်ပေးလိုက်မယ်လေ"

"မလိုဘူး၊ သူခုတင်ဆိုတာနဲ့မဲ ခုတင်ဝယ်ပေးရမှာလား၊ ခုတင်တွေ ပုလ္လင်တွေလုပ်မနေနဲ့ အုန်းစော၊ ညည်းကို ငါ တစ်လလောက်ခိုင်းကြည့်လို့ အဆင်ပြေရင် ဝယ်ပေးမယ်၊ ဒီကြားထဲမှာ အလုပ်ကို အလုပ်နဲ့တူအောင်လုပ် ဒါပဲ၊ ကဲ သားနဲ့သမီးက သွားကိုယ့်အခန်းကိုယ်"

နောက်ဆုံးမှာ ယောက္ခမကြီးက သူ့ဘာသာသူ ဆုံးဖြတ်ချက်ချကာ သူ့ဘာသာသူထောက်ခံပြီး ဒါပဲဟုဆိုသည်။

သူနှင့်ယမုံက အိပ်ခန်းသို့ပြန်ခဲ့ကြပြီး အုန်းစောတတော့ နှာခေါင်းရှုံ့ကာ ခေါင်းကုတ်ရင်း ကျန်ရစ်ခဲ့သည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



"မမယမုံ"

"အေး. . . အုန်းစော ပြော"

ညနေစာစားပြီးနောက် သူနှင့်ယမုံ ဧည့်ခန်းမှာ ဂျာနယ်ဖတ်နေစဉ် အုန်းစောက ယမုံ့ဆီကပ်ကာလာသည်။

"ဟိုလေ. . . အဝတ်လျှော်စက်ကလေ Manual ဆိုတော့ အလုပ်လုပ်ရတာ ရှုပ်တယ်လေ၊ ဖြစ်နိုင်ရင် Auto နဲ့ လဲပေးပါလား"

အုန်းစော၏စကားအဆုံးမှာ ယမုံက သူ့ကိုလှမ်း၍ကြည့်သည်။

"Manual က ဘာဖြစ်လို့လဲ အုန်းစောရဲ့၊ တကယ်တမ်းကျတော့ အဝတ်လျှော်စက်က Manual ကမှအကြမ်းခံတာ"



သူ အုန်းစောကို ဆိုဖြစ်သည်။

"မဟုတ်ဘူးလေ အစ်ကိုလေးရဲ့၊ အဝတ်လျှော်စက်ဆိုပေမယ့်လည်း Manual ကကျတော့ အဝတ်လျှော်ကန်ထဲကို ရေဖြည့်ဦး၊ အဝတ်ညှစ်တဲ့ကန်ထဲထည့်ဦး ညှစ်ဦးနဲ့ အလုပ်ပိုတယ်လေ၊ Auto ကကျတော့ သူ့ဘာသာသူ ရေကြည်လျှော်၊ ရေညှစ်ပေးပြီး အားလုံး သူကပဲလုပ်သွားတော့ လူသက်သာတယ်လေ၊ လူသက်သာတယ်ဆိုတာထက် အုန်းစောက တခြားအလုပ်တွေ ပိုလုပ်နိုင်တာပေါ့"

အုန်းစောက ရှည်လျားစွာဆိုသည်။ စကား၏အဆုံးသတ်မှာ တခြားအလုပ်တွေ ပိုလုပ်နိုင်တာပေါ့ဟု လှလှပပဆို၏။

"မိန်းမရေ. . . ကိုကိုတို့ မင်္ဂလာဆောင်တုန်းက လက်ဖွဲ့ရတဲ့အထဲမှာ Auto တစ်လုံးပါတယ်လေကွာ၊ အဲဒီတစ်လုံးကို သုံးလိုက်မလား"

"မသုံးဘူး"

'မသုံးဘူး'ဟု ဆိုလာသူက ယမုံမဟုတ်။ ယမုံ၏အမေ သူ၏ယောက္ခမကြီး ဖြစ်သည်။ အုန်းစောက ခေါင်းကို ကုတ်ရင်း နှာခေါင်းရှုံ့သည်။

"Auto အဝတ်လျှော်စက်အသစ်ကို သုံးလိုက်တော့ အဟောင်းက ဘယ်ကိုသွားထားရမှာလဲ၊ အဝတ်လျှော်စက်ရှိလို့ လက်နဲ့မလျှော်ရတာကိုပဲ ကျေးဇူးတင်စမ်းပါ အုန်းစောရယ်၊ ပြီးတော့ သမီးတို့လင်မယားကလည်း နေရာတကာ ပူဆာတိုင်း လိုက်လုပ်ပေးမနေနဲ့၊ အဲဒီအဝတ်လျှော်စက်အသစ်က နောက်နောင် သူများမင်္ဂလာဆောင်ကျတော့ ပြန်လက်ဖွဲ့လို့ရတယ် အပိုငွေမကုန်တော့ဘူးပေါ့"

စကားအဆုံးမှာ ယောက္ခမကြီးက အုန်းစောကို မျက်စောင်းဖြင့်ကြည့်သည်။ အုန်းစောက မျက်နှာကိုရှုံ့ရင်း. . .

"မင်္ဂလာဦးလက်ဖွဲ့ကို ရောင်းစားလို့ရရင် ပြန်တောင် ရောင်းစားဦးမလို့လားမသိဘူး"ဟု ခပ်တိုးတိုးရေရွတ်သည်။

"ဘာပြောတယ်"

သဲသဲကွဲကွဲကြားလိုက်ဟန်မတူသော ယောက္ခမကြီးက အုန်းစောကိုကြည့်ရင်း 'ဘာပြောတယ်'ဟု ဆိုသည်။

"ဪ. . . ဟိုဒင်းလေ သမီးဟင်းအိုးတည်ထားတာ ရပြီ လားမသိဘူးလို့၊ သွားကြည့်လိုက်ဦးမယ်"

ပြောပြောဆိုဆိုပင် အုန်းစောက ခပ်သုတ်သုတ်ထွက် သွားသည်။



"ရာသီဥတုက ပူရတဲ့ကြားထဲ ဒေါသထွက်နေရတယ်"

ယောက္ခမကြီးက ပြောပြောဆိုဆို ဆိုဖာပေါ် ဖွေ့ခနဲဝင်၍ ထိုင်သည်။ ပြီး သူ့ကို ဆတ်ခနဲကြည့်ကာ 'သားရေ'ဟု ခေါ်သည်။ ခေါ်သံကိုကြားကတည်းက ခိုင်းစရာတော့ရှိပြီဟု သူသေချာ ပေါက်သိလိုက်သည်မို့ 'ခင်ဗျာ'ဟု စိတ်မပါတပါ ထူးဖြစ်သည်။

"အမေ့ကို ရေခဲရေလေးတစ်ခွက်လောက် ယူခဲ့ပေးပါ ကွယ်၊ ကျွတ်. . . ကျွတ် အုန်းစောကို ဒေါသထွက်ရတာက ကိစ္စ မရှိဘူး၊ သွေးတိုးလာပြီနဲ့တူကယ်၊ ဇက်ကြောတွေတက်လာပြီ"

သူ ရေခဲရေသွားယူရန် ထအရပ်မှာ ယောက္ခမကြီးက ရေရွတ်သည်၊ ယမ်ုက. . .

"သမီး ဇက်ကြောဆွဲပေးရမလား"

ဟု မေးသည်။

ယောက္ခမကြီးက ခေါင်းခါသည်။

"သမီးဆွဲရင် ထိမှာမဟုတ်ဘူး၊ ဒီလိုဇက်ကြောတက်နေ ချိန်မှာ ယောကျ်ားလေးအားကိုးနဲ့ ဆွဲမှထိမှာ၊ သားရေ ရေခဲရေယူ ပေးပြီးရင် အမေ့ကို ဇက်ကြောလေးဆွဲပေးဦးနော်"

ယောက္ခမကြီး၏ စကားကြောင့် သူနင်သွားရသည်။

"ဆွဲပေးမှာပေါ့ အမေရယ်၊ ဆွဲပေးဦးမှာ"

အဲ့ကြိတ်ကာ မချိတင်ကဲဆိုရင်း သူ မီးဖိုခန်းရှိ ရေခဲသေတ္တာဆီ ထွက်ခဲ့ဖြစ်သည်။ သူ မီးဖိုခန်းဆီရောက်တော့ အုန်းစောက ဖန်ခွက်နှင့် ရေခဲရေပူးထည့်ထားသော လင်ဗန်းကို အသင့်ပင် ကမ်း၍ပေးသည်။

"ကြားနေတာလား"

"ကြားတာပေါ့ အစ်ကိုလေးရဲ့၊ ဒေါ်လေးရဲ့အသံကလေ ရွာမှာဆို ရွာဆော်လုပ်လို့ရတယ်တော့"

ပြောပြောဆိုဆိုပင် အသင့်လုပ်ထားသော လင်ဗန်းကို ကမ်း၍ပေးပြန်သည်။ သူ ခပ်သွက်သွက်ပင် ယူဖြစ်သည်။

"သားရေ. . . ရေခဲရေလေးယူခိုင်းတာကို ကြာလိုက်တာ"

ညှော်ခန်းထဲမှ ယောက္ခမကြီး၏အသံကြောင့် သူ 'လာပြီ အမေရေ'ဟု မချိတင်ကဲပင် လည်ပင်းကြောတွေ ထောင်ထလာသည်အထိ အာခေါင်ခြစ်ကာ အော်ဖြစ်သည်။ ထို့နောက် ယောက္ခမကြီးကို ရေပူရေချမ်းကမ်းလှမ်းရန် အလို့ငှာ ခပ်သုတ်သုတ်လျှောက်ခဲ့ဖြစ်သည်။

"သမက်ဆိုပေမယ့်လည်း သားလေးကို အမေ့သားအရင်းလိုချစ်တာပါပဲကွယ်၊ အမေ့ကို ဇက်ကြောလေး တစ်ချက်နှစ်ချက် ဆွဲပေးပါဦး၊ အမလေး အားကိုးလိုက်ရတာကွယ်"

ရေခဲရေကို ဖန်ခွက်ထဲထည့်ကာ ကမ်းပေးသော သူ့လက်တွေ ဖန်ခွက်ကမလွှတ်ရသေးခင်မှာပင် ဇက်ကြောဆွဲပေးရန် အမိန့်ကကျလာသည်။

"လက်မလည်အောင်ပါပဲလား အမေရယ်"

"ဘာပြောတယ်"

"ဩော်. . . လက်မလည်အောင် လက်မအားရ မနားရအောင်ကို သားကလေ အမေ့ကို ပြုစုပေးချင်တာလို့ ပြောတာ"

သူ လွှတ်ခနဲထွက်သွားသော စကားကို ဘရိတ်အမြန်အုပ်ကာ လက်က ခပ်သွက်သွက်ပင် ယောက္ခမကြီး၏ ဇက်ကြောကို ဆွဲပေးဖြစ်သည်။ သူ၏အဖြစ်ကိုကြည့်ကာ ယမုံကတော့ ပြုံးစိစိလုပ်သည်။ အုန်းစောကတော့ မီးဖိုခန်းလိုက်ကာ၏ နောက်ကွယ်မှနေ အသာချောင်း၏။

"အမေသိပါတယ်ကွယ်၊ ငါ့သားက အမေ့ကိုပြုစုချင်လွန်းလို့ အမြဲတမ်း လက်ပြင်နေတယ်ဆိုတာ၊ တောင်ကြီးတသားအရင်းခေါက်ခေါက်ကတော့လေ သူ့မိန်းမဘေးမှာကပ်ပြီး သူ့ယောက္ခမ ကျေနပ်အောင် ဖားနေရတာနဲ့ပဲ ဒီကအမေအရင်းဆီ ကပ်ချိန်ကိုမရဘူး"

www.burmeseclassic.com



"မသိရင်- တျှန်တော့်ကို စောင်းပြောနေသလိုပဲနော် အမေ"

"ဘာကွဲ့"

သူ၏ခပ်ရွှတ်ရွှတ်စကားကို ယောက္ခမကြီးက မကြား လိုက်။ 'ဘာကွဲ့'ဟု မေးသည်။

"အမေ့ရဲ့လည်ပင်းကို နည်းနည်းစောင်းထားပေးလို့ ပြော တာပါ၊ ဘာရယ်မဟုတ်ဘူး နှိပ်ရတာ သိပ်အဆင်မပြေလို့"

"ငါ့သား အဆင်ပြေသလိုသာ နှိပ်ပါကွယ်၊ အမေ့ဇက် ကြောကလေ နာရီဝက်သာသာလောက်နှိပ်မှ အကြောပြေရုံရှိတာ၊ ငါ့သားဖြစ်ပါ့မလား"

"ဗျာ. . . တော်ပြီလားအမေရဲ့၊ ဒါဖြင့် သားသွားအိပ် တော့မယ်နော်"

"ဟဲ့"

တမင်ရွဲ့ပြောသော သူ့စကားအဆုံးမှာ ယောက္ခမကြီးက 'ဟဲ့'ဟု ရေရွတ်သည်။ သူနောက်နေမှန်းသိသည်မို့ ယမုံကတော့ ခွီးခနဲရယ်သည်။

"ချစ်လို့စတာပါ အမေရာ၊ အမေ့သားနှိပ်တာ အဆင်ပြေ လားအမေ"



"အေး. . . အကောင်းကြီးမဟုတ်ပေမယ့်လည်း မရှိသုံး ပေါ့ကွယ်"

"အင့်"

ယောက္ခမကြီး၏ ပွင့်ပွင့်လင်းလင်းစကားက သူ့ရင်ထဲ အင်ခနဲနေသွားရသည်။ ယမုံက မျက်စိမျက်နှာပျက်သွားရင်း. . .

"အမေကလည်း စနေပြန်ပြီ၊ အမေ့သမက်တ အဟုတ် ထင်နေဦးမယ်"

ဟုစကားကို ဖာသည်။ ယောက္ခမကြီးက ခွီးခနဲရယ်သည်။

"ချစ်လို့စတာပါကွယ်၊ ငါ့သားနှိပ်တာ ကောင်းလွန်းလို့ လေ အမေက နာရီဝက်ပဲအနှိပ်ခံမယ့်အစား လေးဆယ့်ငါးမိနစ် တိတိ အနှိပ်ခံမယ်ကွယ် ကဲ"

"ဗျာ"

သူ 'ဗျာ'ဟု ရေရွတ်ရင်း မျက်နှာကြီး ရှုံ့မဲ့သွားဖြစ်သည်။ ယမုံကတော့ ထုံးစံအတိုင်း ပြုံးစိစိလုပ်ကာနေသည်။

× × × ×

www.burmeseclassic.com

**A beautiful woman is a beautiful trouble.**

လှသောမိန်းမတစ်ယောက်သည် လှပသောဒုက္ခတစ်ခု ဝင် ဖြစ်၏။

***Jamacian Proverb***

× × × ×



စားသောက်ဆိုင်မှာထိုင်ကာရင်း ဝင်းခိုင်က စကားကိုစသည်။

"လှတာမက်ရင် ညစာခက်တယ်ဆိုတဲ့ ငါတို့မြန်မာစကားပုံလိုပဲ ဂျမေးစီးယန်း စကားပုံတစ်ခုရှိတယ်၊ လှပသောမိန်းမတစ်ယောက်ဆိုတာ လှပသောဒုက္ခတစ်ခုပါပဲတဲ့"

"ဘာမှလည်းမဆိုင်ဘူး"

ဝင်းခိုင်၏စကားအဆုံးမှာ သန့်ဇော်က 'ဘာမှမဆိုင်ဘူး' ဟု ဆိုသည်။

"ဟာ. . . ဆိုင်တာပေါ့ကွ၊ ယမုံကို ဒီကောင်စကြိုးဘာပြီး

www.burmeseclassic.com

www.burmeseclassic.com



သူ့ယောက္ခမနဲ့ စဆုံပါပြီဆိုကတည်းက သဘောမတူဘူးဆိုပြီး လုပ်တာ၊ အခုထိ ပညာအပြခံနေရတုန်းပဲမဟုတ်လား၊ ယမုံက ချောတယ်လှတယ်ကွာ၊ ဒီတော့ ဒီကောင်ကခိုက်တယ်၊ အဲဒီနောက်မှာရှိနေတဲ့ ဒုက္ခကို ဒီကောင်ဂရုမစိုက်တော့ဘူး၊ အခုတော့ ဒုက္ခကို ဒုက္ခမှန်းသိပြီလေ၊ အဲဒါကိုပြောတာ"

ဝင်းခိုင်က ရှည်လျားစွာငြင်းသည်။

"အဲဒါတွေ အသာထားစမ်းပါကွာ၊ ငါ့မှာ ညနေတိုင်း ယောက္ခမကြီးကို အနှိပ်တော်သွင်းနေရတာနဲ့ပဲ ရုံးဆင်းချိန်ဆိုရင် အိမ်ပြန်ရမှာကြောက်လာတယ်ကွာ၊ ယောက္ခမကြီးကို အနှိပ်တော်ဆက်သရသလိုမျိုးသာ အပြင်မှာ ငွေယူပြီးနှိပ်စားရင် သူဌေးဖြစ်လောက်တယ်၊ သူတော့ ဇက်ကြောပြေမပြေမသိဘူး ငါကတော့ လတ်တွေညောင်းပြီး လက်ပါဖြတ်ပစ်ချင်လာတယ်ကွာ၊ အခုလည်း ရုံးဆင်းချိန်ပြီးပြီဆိုတော့ အိမ်ပြန်ရမှာကို အသေအလဲကြောက်လာတယ်ကွာ၊ ငါ့မျက်စိထဲမှာ ယောက္ခမကြီး ဇက်ကို ဘယ်ညာချိုးရင်းနဲ့ 'သားရေ'လို့ ခေါ်မယ့်အသံကို ကြောက်နေတယ်"

သူ၏အမှုအရာ လုပ်ပြရင်းဆိုသော စကားကြောင့် သကောင့်သားနှစ်ကောင်က ခွီးခနဲရယ်ကြသည်။



"အေးကွာ. . . မင်းမိန်းမရော အိမ်အကူဘာတဲ့ အွန်စော"

"အုန်းစော"

ဝင်းခိုင်၏အဆိုကို 'အုန်းစော'ဟု တည့်အောင် သူပြောပြဖြစ်သည်။ ဝင်းခိုင်က ခေါင်းကိုညိတ်သည်။

"အေး. . . အေး အဲဒီအုန်းစောလည်းရှိ ယမုံလည်းရှိတဲ့ ဥစ္စာကို ဘာဖြစ်လို့ မင်းကိုမှရွေးပြီး နှိပ်ခိုင်းတာလဲမသိဘူး၊ ငါစဉ်းစားကြည့်ရသလောက်တော့ မင်းလက်ကိုက အနှိပ်ကောင်းလို့ဖြစ်မယ်၊ မှန်းစမ်း ငါ့ကို နမူနာဇက်ကြောလေး ငါးမိနစ်လောက်ဆွဲပေးစမ်းပါ"

ဝင်းခိုင်၏စကားအဆုံးမှာ သူ မရယ်ချင်ရယ်ချင်ဖြင့် ရယ်ဖြစ်သည်။ ပြီး 'ခွေးကောင်'ဟု ရေရွတ်ဖြစ်သည်။

"ဒါဖြင့်လည်း ခရိုလေးဘာလေး ဟန်ဆောင်ပန်ဆောင် ထွက်ကြည့်ပါလား၊ ဥပမာ ချောင်းသာလိုနေရာမျိုးပေါ့ကွာ"

သန့်ဇော်က အကြံပြုသည်။

"အာ. . . တော်ကြာ အမေပါလိုက်မယ်သားရေဆိုမှ ဒုက္ခ"

သူ ခေါင်းကို ဘယ်ညာရမ်းရင်းဆိုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်အိမ်လုံးသွားလို့ ဘယ်ဖြစ်မလဲ အမေရဲ့၊ အမေက အိမ်စောင့်ရင်း ကျန်ခဲ့လိုက်ပါဗျာလို့ ချော့ပြီးထားခဲ့လိုက်ပေါ့ကွ"

ဝင်းခိုင်က ဆင်ခြေပေးနည်းကို သင်သည်။

"OK အကောင်းဆုံးနည်းကို ငါသိပြီ"

သန့်ဇော်က လက်ဖျစ်တီးရင်း 'ငါသိပြီ'ဟု ဝမ်းသာအားရ ဆိုသည်။ ဝင်းခိုင်က 'ငါ့ကောင်တို့ အချွန်နဲ့တော့ သွားမ,မနဲ့နော်' ဟု အရယ်တစ်ဝက်ဖြင့် ဆိုသည်။

"ဒီလိုကွ . . . မိန်းကလေးဆယ်ယောက်မှာ ဆယ်ယောက်စလုံးက အရက်သောက်တာမကြိုက်ဘူး"

"ဒီတော့ ဒီကောင်က အရက်သောက်ပြီးမှပြန် ဒီလိုလား"

သန့်ဇော်၏စကားကို ဝင်းခိုင်က 'ဒီလိုလား'ဟု ဆိုသည်။

"အေးပေါ့ကွ . . . အရက်ဆိုတဲ့အမျိုးက ဒူးရင်းသီးလိုပဲ ကြိုက်တဲ့လူအတွက် မွှေးပေမယ့် မကြိုက်တဲ့လူအတွက်က နံတယ် လေကွာ၊ အရက်နံ့နံနေတဲ့ ဒီကောင့်ကို ဒီကောင့်ယောက္ခမကြီးက အနိုင်ခိုင်းဖို့ နေနေသာသာ အတပ်တောင်ခံမှာမဟုတ်ဘူး"

"အေး. . . အဲဒါဟုတ်တယ်ကွ"

သန့်ဇော်၏စကားအဆုံးတွင် သူ 'ဟုတ်တယ်ကွ'ဟု ထောက်ခံဖြစ်သည်။ ဝင်းခိုင်ကတော့ ခေါင်းကိုယမ်းသည်။ ပြီး





"ဒီကောင်က အရက်မှမသောက်တတ်တာကွ၊ ဘီယာ လောက်ပဲ သောက်တတ်တာ"

ဟု ဆိုသည်။

"မင်းကလည်းကွာ ဓာတ်ရှင်တွေထဲမှာလို အာလုပ်ကျင်း သွားလိုက်ပေါ့ကွ၊ ပြီးတော့ အကျႌပေါ် နည်းနည်းလောက် ဆွတ်သွားလိုက်ကွာ၊ နံ့လွန်းလို့မှ ဟောင်တောင်နေဦးမယ်"

သန့်ဇော်က ဆရာကြီးအပေါက်မျိုးချိုးကာ ဆိုသည်။

"အေးကွာ. . . ပြောနေတာကြာတယ်၊ ဒီညနေခင်းပဲ စလှုပ်ရှားလိုက်မယ်"

သူ တက်ကြွစွာပင်ဆိုဖြစ်သည်။

"မထူးဘူးကွာ၊ ရှုးချင်ယောင် မူးချင်ယောင်ဆောင်ပြီး တော့ မင်းမကျေနပ်တဲ့ကိစ္စတွေပါ ပြောလိုက်၊ မနက်မိုးလင်းတော့ မှ သားဘာတွေပြောမိပါလိမ့်ဆိုပြီး လုပ်ပစ်လိုက်ကွာ ကြာသလား လို့"

သန့်ဇော်က 'ခွီး'ခနဲရယ်ရင်း မြှောက်ပေးသည်။

"ညီလေးရေ အစ်ကိုသောက်နေကျအရက်မျိုး နှစ်ပတ် လောက်ယူခဲ့"

ဝင်းခိုင်က စားပွဲထိုးကို လှမ်းရှာမှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုက်နေ့ညနေခင်းတစ်ရက်၊ မနက်ဖြန်တစ်ရက်၊ သန်ဘက်ခါတစ်ရက်ကွာ သုံးရက်ဆက်တိုက်ဆိုရင်တော့ မင်းရဲ့ယောက္ခမကြီး မင်းကို အကပ်ခံတော့မှာမဟုတ်ဘူး၊ မင်းမိန်းမကိုတော့ အမှန်အတိုင်းပြောပြထားပေါ့ကွာ၊ တော်ကြာ ခုတ်ရာတခြား ရှရာတလွဲ ဖြစ်နေဦးမယ်၊ ယမုံက အကပ်မခံလို့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေဦးမယ်"

သန့်ဇော်က စားပွဲထိုးယူလာသော အရက်ခွက်ထဲမှ အရက်ထဲ လက်တိုစိမ်ကာ သူ့ဆီလှမ်း၍တောက်ရင်း ဆိုသည်။

"ကဲရော့ အာလုပ်ကျင်း"

"ဟကောင် မင်းလက်စိမ်ထားပြီးသားကြီးကွ၊ ငါရွံတယ်၊ နောက်နှစ်ပက်ထပ်မှာလိုက်"

သူ နှာခေါင်းရှုံ့ရင်း ဆိုဖြစ်သည်။

"အရေးထဲ အသန့်တကြိုက်နေပြန်ပြီ၊ ကဲ ကဲ ညီလေးရေ နောက်ထပ်နှစ်ပက်ကွာ"

ဝင်းခိုင်က စားပွဲထိုးဆီ လှမ်း၍မှာသည်။ စားပွဲထိုးက သူတို့ကို ခပ်လှမ်းလှမ်းမှကြည့်ရင်း နားမလည်သလို ခေါင်းကို ခပ်ကြမ်းကြမ်းကုတ်ရင်း ထွက်ကာသွားသည်။

"ကဲရော့. . . အာလုပ်ကျင်းရင်းနဲ့ တစ်ငုံလောက် မျိုချင်မျိုသွား၊ ရဲဆေးတင်တဲ့အနေနဲ့ပေါ့ကွာ"



စားပွဲထိုးလာချသော ဖန်ခွက်ကိုယူရင်း သန့်ဇော်က ဆိုသည်။

"ငါက ဘီယာပဲကြိုက်တာကွ၊ အရက်မကြိုက်ဘူး"

ပြောပြောဆိုဆိုပင် သူ့မျက်နှာကို ရှုံ့မဲ့ကာ အရက်ကိုငုံရင်း အာလုပ်ကျင်းဖြစ်သည်။

"ကဲ. . . ယောက္ခမရဲ့ ပညာပြတဲ့စက်ကွင်းက ငါ့သူငယ်ချင်း လွတ်ပါစေကွာ၊ သရုပ်ဆောင်တာတော့ ပီပီပြင်ပြင်ရှိပါစေကွာ"

ဝင်းခိုင်က ဟက်ခနဲရယ်ရင်း ဆိုသည်။ သူကတော့ အရက်ကို ငုံကာထားရင်း မျက်နှာကို အီးမှန်ထားသလို ရှုံ့မဲ့ကာနေဖြစ်သည်။

× × × ×

www.burmeseclassic.com



# ယောက္ခမကြီးနှင့် စိတ်ဓာတ်စစ်ဆင်ရေး

## ပထမညနေခင်း





"မိန်းမရေ. . . မိန်းမ"

ဒယီးဒယိုင်ဖြင့်ပင် မူးဟန်ဆောင်ကာ သူအိမ်ထဲသို့ သိုင်းကွက်နင်းပြီး ဝင်ရောက်ဖြစ်သည်။ 'ပြန်နှင့်လိုက်'ဟု မှာထားသည်မို့ ယမုံက အိမ်မှာကြိုရောက်နေမည်ဖြစ်သည်။

အာခေါင်ခြစ်ကာ အော်ရင်း ဝင်လာသောသူ့ကို အရင်ဆုံးတွေ့သူက အုန်းစော။ အုန်းစောက သူ့ကို ဗုံအားတသင့်ဖြင့် ပါးစပ်ကြီးဟကာ ကြည့်နေသည်။ သူ အုန်းစောကို မမြင်ချင်ယောင်ဆောင်ကာ မျက်လုံးကိုစုံမှိတ်ရင်း 'မိန်းမရေ'ဟု ထပ်ခါထပ်ခါ အော်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်နေတာလဲ"

နောက်ဆုံးမှာတော့ သူ အင်မတန်တွေ့ချင်နေသော ယောက္ခမကြီးက အူယားဖားယားဖြင့် ထွက်လာသည်။ သူ တမင် ပင် ဒယီးဒယိုင်လုပ်ရင်း ဧည့်ခန်းရှိဆိုဖာမှာ ဝင်ထိုင်ဖြစ်သည်။

"ဟော့တော် ငါ့သား အရက်တွေသောက်လာတယ် ဟုတ်လား"

အနီးသို့ရောက်လာသော ယောက္ခမကြီးက အရက်နံ့ ကြောင့် နှာခေါင်းကိုရှုံ့ရင်း ရင်ဘတ်ကိုဖိကာ အံ့သြတကြီးဖြင့် မေးသည်။

"ဟုတ်တယ်၊ ကျွ. . . န်. . . တော်. . . အ. . . အရက် . . . သ. . . သောက်လာတယ်၊ ဘာလဲ အမေက စိတ်ဆိုးလို့ လား"

သူ အကယ်ဒမီရှော့ဖြင့် အာလေးလျှာလေးစတိုင် လုပ်တာ ယောက္ခမကြီးကို သွေးတိုးစမ်းဖြစ်သည်။

"ဩော်. . . ငါ့သားကလည်း ယောကျ်ားလေးမို့ အရက် သောက်တာ ဆန်းလား၊ အမေစိတ်မဆိုးပါဘူးကွယ်၊ မင်းမိန်းမက ဈေးကိုခဏသွားတယ်ကွဲ့၊ ကဲ ကဲ နားလိုက်ဦး၊ ဟဲ့ အုန်းစော"

ယောက္ခမကြီးက အုန်းစောကို လှမ်း၍ခေါ်သည်။





"ရှင်. . . ဒေါ်လေး"

"ညည်းအစ်ကိုလေး မူးလာတယ်၊ သူလိုတာရှိရင် လုပ်ပေး လိုက်၊ ဒေါ်လေး ခဏလောက်အိပ်ချင်လို့ တော်ပါသေးရဲ့ သမက် အရက်မူးလာတဲ့ရက်နဲ့ ဇက်ကြောမတက်တဲ့နေ့နဲ့ ကိုက်နေလို့"

ပြောပြောဆိုဆိုပင် ယောက္ခမကြီးက ၎င်း၏အိပ်ခန်းဆီ လျှောက်ကာသွားသည်။ 'ဇက်ကြောမတက်သောနေ့ ဆိုပါလား'ဟု သူတွေးရင်း ယောက္ခမကြီး၏ စကားအဆုံးမှာ သူနင်သွားရသည်။

"အိပ်တော့မလို့လား အမေရဲ့၊ သား အမေ့ကို ဇက်ကြော ဆွဲပေးဦးမယ်လေ၊ သား မမူးသေးပါဘူး. . ဗျာ"

သူ၏စကားကြောင့် ၎င်း၏အိပ်ခန်းဆီ သွားနေသော ယောက္ခမကြီးက သူ့ဘက်ကိုလှည့်ကြည့်သည်။

"ငါ့သားမမူးဘူးဆိုတာ အမေသိပါတယ်"

"ဗျာ"

ရုတ်တရက် ကြောင်တောင်တောင်နှင့်ပင် 'ဗျာ'ဖြစ်သည်။

"မမူးလို့လည်း အိမ်ပြန်ရောက်လာတာပေါ့၊ မူးရင် ဘယ် ပြန်ရောက်လာပါ့မလဲကွယ်၊ အမေက အဲဒါကိုပြောတာပါ"

ယောက္ခမကြီး၏ ဖြေရှင်းစကားကို ကြားတော့မှ သူမသိ မသာ သက်ပြင်းချရင်း ဆက်၍ မူးချင်ယောင်ဆောင်ဖြစ်သည်။

www.burmeseclassic.com



"ဘာလဲ အမေက ကျွန်တော်မူးတာကို အပြစ်ပြောချင်တာလား၊ ဘယ်လောက်ပဲမူးမူး ကျွန်တော် အမေ့ကိုနှိပ်ပေးရဦးမယ်ဆိုတာ သိပါတယ်ဗျာ"

"အေးပါကွယ်၊ နောက်တော့ နှိပ်ခိုင်းမှာပေါ့၊ ဒီနေ့က ဇက်ကြောမတက်လို့ပါကွယ်၊ ကဲ သား သွားနားတော့လေ၊ နောက်ရက်မှပဲ နှိပ်ပေးတော့နော်"

ယောက္ခမကြီး၏ စကားကြောင့် 'နောက်ရက်တဲ့ကွာ'ဟု စိတ်ထဲမှာ ရေရွတ်ဖြစ်သည်။ ယောက္ခမကြီးက 'သွားနားတော့'ဟု ပြုံး၍ဆို၏။ ပြဿနာရှာလိမ့်မည်ဟု တွက်ဆထားသော်လည်း ယောက္ခမကြီးက အပြုံးပင်မပျက်ဘဲ 'နောက်ရက်ပေါ့ကွယ်'ဟု ဆိုသည်။

သူဘာဆက်ပြောရမှန်းမသိ။ စိတ်ထဲမှာတော့ 'အေးပေါ့ဗျာ နောက်ရက်ပေါ့'ဟု တေးကာထားဖြစ်သည်။

× × × ×



ယမုံပြန်လာကာ ထမင်းအတူစားသည်အထိ ယမုံ့ကို ယောက္ခမကြီးက ဘာပြောထားသည်မသိ။ ယမုံကို သူစကားမဆိုဖြစ်။

မူးချင်ယောင်ဆောင်ကာ အိပ်ပစ်လိုက်ရင်း နံနက်လင်းတော့ အရှုံးကွက်နင်းကာ သူမဟုတ်သလိုပင် အိပ်ရာမှထကာ သွားတိုက်မျက်နှာသစ်ပြီး ရေချိုးကာ ညှော်ခန်းဆီထွက်ခဲ့ဖြစ်သည်။

"ကိုကို နိုးပြီလား"

ယမုံက ပြုံးရွှင်စွာပင် နှုတ်ဆက်သည်။

"အင်း. . . ရေတောင်ချိုးပြီးပြီ၊ စော့စောစီးစီး"

www.burmeseclassic.com



သူဘာမှမဖြစ်သလို ပြန်၍ဆိုဖြစ်သည်။

"စောစောစီးစီးချိုးမှုဖြစ်မှာပေါ့၊ တစ်ကိုယ်လုံး အရက်နံ့တွေ ဟောင်နေတာကိုး"

သူ့နောက်မှ ယောက္ခမကြီးက ပက်ခနဲဝင်၍ဆိုသည်။

"ဟုတ်တယ်၊ ကျွန်တော် ညက အရက်နည်းနည်းများသွားတယ်"

သူ ဘုမသိဘမသိစတိုင်ဖြင့် ဆိုဖြစ်သည်။

"အရက်များပေမယ့် ငါ့သားလေးက လိမ္မာတယ်သိလား"

"ဗျာ. . . ကျွန်တော် ဘာပြောမိလို့လဲ"

သူ အံ့ဩချင်ယောင်ဆောင်ကာ မေးဖြစ်သည်။ ယောက္ခမကြီးကတော့ အပြုံးကို ဖွန်းတပ်ကာ ရှယ်ပြုံးသည်။

"ဘာတွေပြောလဲဆိုတော့ ငါ့သားက အမေ့ကို နေ့တိုင်းနေ့တိုင်း ဖက်ကြောနှိပ်ပေးချင်တယ်အမေတဲ့၊ အရက်မူးနေပေမယ့် နှိပ်ပေးဦးမယ်လုပ်နေလို့ မနည်းကြီးတားယူရတယ်၊ အမေကတော့ ငါ့သမက်ကို ပိုချစ်သွားပြီ"

ယောက္ခမကြီးက မဟုတ်တာရော ဟုတ်တာရော အရောရောအနှောနှောလုပ်ကာ ဆိုသည်။ သို့သော် 'မဟုတ်ဘူး'ဟု သူမငြင်းရဲ။ အရက်များသွားသည်ဟု စကားခံထားခဲ့သည်ကိုး။





"စိတ်ချပါကွယ်. . . အမေ ဖက်ကြောတက်တဲ့နေ့ကျ ဘယ်သူ့မှ မနှိပ်ခိုင်းဘူး၊ ငါ့သားကိုပဲ နှိပ်ခိုင်းမယ် ဟုတ်ပြီလား"

ပြောပြောဆိုဆိုပင် ယောက္ခမကြီးက 'ဘုရားရှိခိုးဦးမယ်' ဟုဆိုကာ ဘုရားခန်းဘက် လျှောက်ကာသွားသည်။

"မနေ့က ယမုံဈေးသွားတုန်း မေမေက ဖုန်းဆက်လာတယ်၊ ကိုကိုမူးလာတယ်တဲ့၊ ဘာပြဿနာမှမလုပ်ရဘူးဆိုလို့ ယမုံက ကိုကို့ကို ဘာမှအပြစ်မပြောတာ၊ ကိုကိုက မူးပေမယ့် မရမ်းဘူးနော်၊ မေမေကလေ သူ့သမက်တစ်ယောက်လုံး အရက်သောက်လာတာကိုတောင် ဘာအပြစ်မှမပြောဘူးသိလား၊ သားအရင်းလို ချစ်နေလိုက်တာ၊ သမီးကတောင် နေရင်းထိုင်ရင်းနဲ့ ချွေးမနေရာရောက်တော့မယ်၊ သူကကျ သားဖြစ်တော့မယ်"

'ဖြစ်ပါလိမ့်မယ် အားကြီးကြီး'ဟု သူ့စိတ်ထဲမှနေ ပြန်၍ဆိုဖြစ်သည်။ ယောက္ခမကြီး၏စကားကြောင့် မယားဖြစ်သူယမုံပင် သူ့ကိုစိတ်မဆိုး၊ အပြစ်မမြင်ဖြစ်နေသည်မို့ မနေ့ညက စိတ်ဓာတ်စစ်ဆင်ရေးတွင် သူ အရေးနိမ့်သွားသည်ထင်၏။

"မေမေကော ယမုံပါ ပြဿနာမရှာလို့ဆိုပြီးတော့ နေ့တိုင်း အရက်သောက်မယ်လို့တော့ မစဉ်းစားနဲ့နော်၊ တော်ကြာ ကိုကို နေမကောင်း မကျန်းမာဖြစ်နေမှာစိုးလို့ ယမုံကစောစောနာနဲ့

www.burmeseclassic.com



ပြောတာ”

“အင်းပါ”

သူ စိတ်မပါလက်မပါပင် ခေါင်းညိတ်ရင်းဆိုဖြစ်သည်။ သန့်ဇော်နှင့် ဝင်းခိုင်တို့အား စိတ်ဓာတ်စစ်ဆင်ရေး မအောင်မြင်သည့်အကြောင်း ဘယ်လိုရှင်းပြရမှန်း သူမသိတော့။

“လှည့်ပတ်လိုခြင်း အချင်းချင်း တင်းရှင်းကြပါစေ”

ဘုရားခန်းမှ ပျံ့လွင့်လာသော ယောက္ခမကြီး၏ မေတ္တာပို့သံကြောင့် သူ မလုံမလဲဖြစ်သွားမိသည်။

မဟုတ်တာလုပ်ထားသူမို့ သမရိုးကျ မေတ္တာပို့သံသည်ပင်လျှင် မလုံမလဲ ဖြစ်စေသည်ကတော့ အမှန်ပဲဖြစ်သည်။

× × × ×



“မင်းညံ့တာ”

သူ၏စကားအဆုံးမှာ သန့်ဇော်က ကောက်ချက်ချ သည်။

“ဒီလိုလုပ် ဒီည ငါသင်ပေးလိုက်သလိုပြော၊ အမေ ကျွန်တော့်ဘဝမှာ အဖျင်းဆုံးနဲ့ စိတ်မပါဆုံးအလုပ်က အဲဒီ ဇာက်ကြောဆွဲရတာကိုပဲဗျာ၊ ဒါပေမယ့် မတတ်နိုင်ဘူးဗျာ အမေ့ သမီးကိုရော အမေ့ကိုရောချစ်တော့ ကျွန်တော်စိတ်မပါတဲ့ အလုပ်ဆိုပေမယ့်လည်း အမေငြီးငြင်မှာစိုးလို့ ဆွဲပေးရတာမျိုးဆို တော်သေး၊ အခုကကျွာ ရှုံးပိတ်လို့တောင် ကိုယ့်မိန်းမနား မကပ်ရဘူးတွ၊ သားရေ အမေဇာက်ကြောတက်လို့ကွယ် ဆိုချက်

www.burmeseclassic.com



နှစ်ချက်လောက် ဆွဲပေးပါဦးဆိုပြီး အပျင်းပြေကို တစ်ရက်ကို သုံးလေးခါလောက် နှိပ်ခိုင်းနေတော့တာ”

သူ စိတ်ညစ်ညစ်ဖြင့်ပင် ပြောဖြစ်သည်။

“Massage Chair ရှိတယ်လေကွာ၊ သိန်းလေးဆယ်တန်လောက် ဝယ်ထားပေးလိုက်စမ်းပါ၊ မင်းယောက္ခမကို နှစ်ဆယ့်လေးနာရီလုံး အဲဒီပေါ်ကမဆင်းနဲ့လို့ ဒီလောက်တောင် အကြောတက်တတ်နေရင်”

သန့်ဇော်က အရယ်တစ်ဝက်ဖြင့် ဆိုသည်။

“ဟုတ်တယ်၊ Function လည်းစုံတယ်ကွာ၊ အဲဒီခုံပေါ်ထိုင်ပြီး တစ်ချိန်လုံး အနှိပ်ခံနေလို့ရတယ်၊ ဒီတော့ မင်းမှူးချင်ယောင်ဆောင်ပြီး ဒီည အဲဒီအစီအစဉ်လေးပါ ထည့်ပြောပစ်လိုက်”

“ဟုတ်ပြီ”

သူ လက်သီးကိုဆုပ်ရင်း ‘ဟုတ်ပြီ’ဟု ခိုင်မာစွာပင် ဆိုဖြစ်သည်။ မာဆတ်ချ် ထိုင်ခုံသိန်းလေးဆယ်တန်ကိစ္စ ဒီညအဆိုတင်သွင်းရမည်။ ယောက္ခမကြီးက မပယ်ချလိုက်ဖို့ အရေးကြီးသည်။

× × × ×



ယောက္ခမကြီးနှင့် စိတ်ဓာတ်စစ်ဆင်ရေး

ဒုတိယညနေ

www.burmeseclassic.com

www.burmeseclassic.com



"မိန်းမရေ. . . မိန်းမ"

ရုပ်ရှင်တွေထဲက ဓာတ်ရှင်မင်းသားတွေလိုမျိုး လိုအပ်သည်ထက် ပိုမှုပြုရင်း ဒယီးဒယိုင်ဖြင့်ပင် အိမ်ထဲဝင်လာဖြစ်သည်။

"ဟောတော်. . . သားအရက်သောက်လာတယ် တုတ်လား၊ အမလေး တစ်ခါမှလည်းမသောက်ဖူးဘဲနဲ့ သောက်လာတာတို့၊ လာလာ အိမ်ထဲဝင်"

သူ့ဘာစကားမှမဆိုရသေးခင်မှာပင် ယောက္ခမကြီးက ရေပက်မဝင်ဆိုသည်။ သူကြောင်တောင်တောင်ပင် အိမ်ထဲသို့



ဝင်ပြီးကာမှ 'ငါကမူးနေတဲ့ကောင်ပဲ'ဟူသောစိတ်ကို ပြန်သွင်းယူရသည်။

အမူးသမားတစ်ယောက်၏ Mood မျိုး အပြည့်သွင်းယူရင်း သန့်ဇော်နှင့် ဝင်းခိုင်တို့သင်ပေးလိုက်သော စကားတို့ကို ပြန်၍တွေးထားဖြစ်သည်။

"ခြည်သည်တွေရောက်နေတယ်၊ အမေ့သူငယ်ချင်းတွေလေ"

ခြည်သည်ရောက်နေတယ်ဆိုသော စကားကြောင့် သူ ဧည့်ခန်းဆီသို့ ကြည့်ဖြစ်သည်။ ဧည့်သည်များရှိနေသည်မို့ မူးချင်ယောင်ဆောင်နေသည်ကို ကိုယ်ရှိန်သတ်ရင်း ဧည့်သည်များကို ပြုံးပြဖြစ်သည်။ ပြီး ယောက္ခမကြီးဘက်လှည့်ကာ. . .

"အမေ. . . ဧည့်သည်တွေကို ကျွေးဖို့ သားဘာလုပ်ပေးရမလဲ"

ဟု အနည်းငယ် လျှာလေးအာလေးသံပြုရင်း ဆိုဖြစ်သည်။

"ရပါပြီကွယ်၊ အမေ အုန်းဧကို အားလုံးခိုင်းပြီးပြီ၊ တွေ့လား ကျွန်မသမက်ကလေ အရမ်းသဘောကောင်းတာ၊ ယောက္ခမကိုလည်း အမေအရင်းလိုပဲ အရမ်းချစ်တာ၊ ဖြင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပဲလေ၊ ဘာလုပ်ပေးရမလဲ၊ ဘာခိုင်းဦးမလဲနဲ့"

ယောက္ခမကြီးက ဧည့်သည်များဘက်လှည့်ကာ ကြွားသည်။ သူကတော့ မချိပြုံးပြုံးရင်း ယောက္ခမကြီး၏ အလိုလိုက်ကောင်းမှုကို တွေးဖြစ်သည်။

"သူ့ရှေ့မှာလေ ဖက်ကြောတက်တယ်လို့ ငြီးဖို့မပြောနဲ့ ဖက်ကိုတောင် အညောင်းပြေမချိုးရဲဘူး၊ အမေ ဖက်ကြောတက်နေလို့လား၊ သားနှိပ်ပေးမယ်လေဆိုပြီးတော့ ဖက်ကြောအတင်းဆွဲပေးတာ၊ အရမ်းကို အလိုက်သိတာပါဆို အဟက် ဟက်"

ယောက္ခမကြီးက မျက်စိကိုပင် ဖွင့်မနေတော့ဘဲ မျက်စိစုံမှိတ်ကာ အားရပါးရဆိုသည်။ ဧည့်သည်များက ယောက္ခမကြီး၏စကားကို နားထောင်နေသော်လည်း မျက်လုံးများက သူ့ကိုကြည့်နေသည်မို့ သူမပြုံးချင်ပြုံးချင်ဖြင့် ပြုံးထားလိုက်ရသည်။ ပြီးဧည့်ခန်းရှိ ယောက္ခမကြီးဘေးမှ ထိုင်ခုံမှာ ဝင်ထိုင်ဖြစ်သည်။

"ကျွန်တော်က ယောက္ခမဆိုတာလည်း အမေပဲဆိုပြီးတော့ အမေအရင်းတစ်ယောက်လို ဂရုစိုက်ဖြစ်တယ်ဗျ၊ အမေကလည်း ကျွန်တော့်ကိုဆို သိပ်ချစ်တာ၊ ကျွန်တော်နဲ့ ယမုံနဲ့ကို မယူခင်တတည်းက သဘောတူတာလေ၊ ယူပြီးတော့လည်း ကျွန်တော့်ကို ဘာအလုပ်မှ လုပ်မခိုင်းဘူးဗျာ၊ စောစောက အမေပြောသလိုပဲ ဖက်ကြောလေးဆွဲပေးပါဦးတို့ဘာတို့ လုံးဝလုံးဝမရှိဘူး၊ ကျွန်တော်ပဲ အလိုက်တသိနဲ့ နှိပ်ပေးဖြစ်တာ"

သူနှင့်ယမုံကို သဘောမတူဟုဆိုကာ အကြိမ်ကြိမ်ဖျက်ခဲ့သော ယောက္ခမကြီးက သူ့ရွဲ့နေမှန်းသိသည်မို့ သူ့ကို စူးခနဲကြည့်သည်။ သို့သော် ဧည့်သည်များရှိနေသည်မို့ မပြုံးချင်ပြုံးချင်ဖြင့် အင်တင်တင်ပြုံးကာနေရင်း 'သားလည်း အလုပ်ကပြန်လာတာ ပင်ပန်းပါတယ်ကွယ်၊ သွားနားတော့လေ'ဟု မသိမသာအံကြိတ်၍ဆိုသည်။

"ရပါတယ်အမေရာ သားရဲ့အလုပ်က မပင်ပန်းပါဘူး၊ ဒါနဲ့ ယမုံပြန်ရောက်ပြီလား၊ သားနောက်ကျမယ်ဆိုလို့ သူ့အရင်ပြန်နှင့်တာ၊ သားက ပြန်ခိုင်းလိုက်တာ၊ အိမ်မှာက အမေတစ်ယောက်တည်းဖြစ်နေမှာစိုးလို့"

"အမလေး သမက်က သားအရင်းထက်တောင် အားကိုးရတာပဲ"

သူ့စကားအဆုံးမှာ ဧည့်သည်အန်တီကြီးက ဆိုသည်။

"အဲဒီလိုလည်း မဟုတ်ပါဘူးဗျာ၊ တောင်ကြီးတယောက်ဖကလည်း အမေ့ကို အရမ်းချစ်တာ၊ တစ်နေ့တစ်ခေါက်အမေ့ဆီကို ဖုန်းဆက်နေတာ အကြိမ်ကြိမ်ပဲ၊ အရမ်းဂရုစိုက်တာ"

www.burmeseclassic.com



တစ်လ ဖုန်းတစ်ခါပင် မလာသော ယောက်ဖကို တမင်အမှန်းတင်ကာ ဆိုလိုက်သည်မို့ ယောက္ခမကြီးက ကွက်ခနဲ မျက်နှာပျက်သွားသည်။ သို့သော် ချက်ချင်းပင် အပြုံးတစ်ခုကို မျက်နှာပေါ် ကောက်တင်ပြီး တဟင်းဟင်းဖြင့် အဖျားတက်သလို ရယ်ရင်း သူ့ကို အေးစက်စက်ကြည့်သည်။

"သမီးက ရေချိုးနေတယ်သားရဲ့၊ ကဲကဲ သားလည်း သွားနားလိုက်ဦး။ ဧည့်သည်တွေနဲ့ အမေစကားပြောလိုက်ဦးမယ်"

"ဟုတ်ကဲ့"

'ဟုတ်ကဲ့'ဟုဆိုရင်း စိတ်ထဲကနေ သူကြိတ်ပြုံးဖြစ်သည်။ ပြီး ဧည့်သည်များကို ပြုံးပြကာ အိပ်ခန်းဘက် ထွက်ခဲ့ဖြစ်သည်။

× × × ×



မနက်မိုးလင်းတော့ ထုံးစံအတိုင်းပင် လုပ်စရာရှိ [illegible] ပြီး ဘာမှမသိခဲ့သူတစ်ယောက်လို သူထွက်ခဲ့ဖြစ်သည်။ ဧည့်သည်များရှိနေသည်မို့ သန့်ဇော်တို့နှင့် ဇာတ်တိုက်ထားသည်တို့ တစ်ခွန်းမှမပြောလိုက်ရ။ Massage Chair အကြောင်းလည်း မပြောလိုက်ရ။

"ဟော. . . သား နိုးပြီလား"

ယောက္ခမကြီးက ဘာမှမဖြစ်သလိုပင် နှုတ်ဆက်သည်။

"ဟုတ်ကဲ့ အမေ၊ ဒါနဲ့ ယမုံတစ်ယောက် မတွေ့ပါလား"

"ထမင်းစားခန်းမှာလေ သားရဲ့၊ မနက်စာအတွက် ပြင်နေ

www.burmeseclassic.com

www.burmeseclassic.com



တယ်"

ဘာမှမဖြစ်သလိုပင် ပြန်မေးသော သူ့ကို ယောက္ခမကြီးကလည်း အမူအရာ မပျက်ပင် ပြန်၍ဖြေသည်။ နှစ်ယောက်သား ထမင်းစားခန်းဆီ အတူလာဖြစ်သည်။

"အမေတို့နှစ်ယောက်အတွက် မုန့်ဟင်းခါးပြင်ထားတယ်"

ယမုံကလည်း ဘာမှမဖြစ်သလိုပင် အရင်ပုံစံအတိုင်း နှုတ်ဆက်သည်။ ပြီး လုပ်စရာရှိသည်တို့ကို လုပ်ကာနေသည်။

သူ မုန့်ဟင်းခါးကို မစားချင်စားချင်ဖြင့် စားဖြစ်သည်။

"ကိုကိုတစ်ယောက်နော်. . . မပြောချင်လို့ကြည့်နေတာ အရက်ကို နေ့တိုင်းသောက်နေတယ်"

ယမုံက အခုမှ သတိရဟန်ဖြင့်ဆိုသည်။

"ဘာဖြစ်လို့လဲ၊ ကိုကိုအရက်မူးလာပြီး စကားတွေမှားလို့လား"

သူ အူတူတူအတတပုံစံဖမ်းရင်း ဇဝေဇဝါဖြစ်ခဲ့ဟန်ဖြင့် မေးဖြစ်သည်။ ယမုံက ခေါင်းခါသည်။

"ယမုံကိုတော့ စကားမမှားပါဘူး၊ အမေ့ကိုတော့ မပြောတတ်ဘူး"

ယမုံ၏စကားအဆုံးမှာ သူ ယောက္ခမကြီးကို ကြည့်ဖြစ်



သည်။ ယောက္ခမကြီးက ဣန္ဒြေမပျက်ပင် ခေါင်းခါသည်။

"အမေ့ကိုလည်း ဘာစကားမှ မမှားပါဘူးကွယ်၊ တစ်ခုတော့ရှိတယ်"

ယောက္ခမကြီးက စကားကိုမဆက်သေးဘဲ မုန့်ဟင်းခါးကို တစ်ဇွန်းခပ်ကာ စားလိုက်သေးသည်။ အတန်ကြာတော့မှ. . .

"တစ်ခုတော့ရှိတယ်၊ တကယ်လို့ စကားမှားခဲ့ရင်လည်း မူးလို့ပြောတာပဲကွယ် ဘယ်ဖွေယူလို့ရမှာလဲ၊ သားက စကားမှားခဲ့ရင်တောင် အမေက ဘာဖြစ်ဖြစ် ခွင့်လွှတ်တယ်၊ ဟုတ်ပြီလား"

ဟု ဆိုသည်။

ယောက္ခမကြီး၏ စကားအဆုံးမှာ သူ သက်ပြင်းချဖြစ်သည်။ သူ မည်မျှပင် အကြိမ်ကြိမ် ကြိုးစားစေကာမူ ယောက္ခမကြီးက အကြိမ်ကြိမ် ခွင့်လွှတ်နေဦးမည် ဖြစ်သည်။ နောက်လူများမှာ အရက်မူးချင်ယောင်ဆောင်လျှင်လည်း ဤကဲ့သို့ပင် ဖြစ်မည်ထင်သည်။ ထို့ကြောင့် ယောက္ခမကြီးနှင့် စိတ်ဓာတ်စစ်ဆင်ရေးသည် အောင်မြင်မည့်ပုံမပေါ်။

အကြံပေးများဖြစ်ကြသော သန့်ဇော်နှင့် ဝင်းနိုင်တို့ ဤကိစ္စနှင့် စပ်လျဉ်း၍ ရှင်းပြရဦးမည်ထင်သည်။ စားသောက်ပြီး၍ သူ့ ထိုင်ရာမှအထ. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ အခုဘယ်အချိန်ရှိပြီလဲ သား"ဟူသော အမေ့ တကောဖြင့်မေးသည့် ယောက္ခမကြီး၏အမေးကြောင့် လက်မှနာရီကို သူကြည့်ဖြစ်သည်။

"ရှစ်နာရီမတ်တင်းရှိပြီ အမေ"

သူ ယောက္ခမကြီးကို ဖြေဖြစ်သည်။

"သားတို့က ရုံးကို ကိုးနာရီသွားမှာလား"

"ဟုတ်တဲ့"

ယောက္ခမကြီး၏အမေးကို သူ 'ဟုတ်ကဲ့'ဖြစ်သည်။

"ဒါဖြင့် တစ်နာရီနဲ့ ဆယ့်ငါးမိနစ်ကြီးများတောင် အချိန်ရှိသေးတာပဲ၊ ဒီတော့ သားရယ် ရုံးမသွားသေးခင် အမေ့ကို ဇက်ကြောလေး နာရီဝက်လောက် ဆွဲသွားပေးပါဦးကွယ်၊ ထူးထူးဆန်းဆန်း မနက်ဖက်ကြီး ဇက်ကြောတက်နေလို့၊ ကျွတ်ကျွတ်. . ကျွတ်"

"ဩ. . . ဟုတ်ကဲ့"

သူ ယောက္ခမကြီးကို 'ဟုတ်ကဲ့'ဟု ဖြေလိုက်မိရင်း ရင်ထဲမှာ တင်းအနဲ ဖြစ်ကာသွားသည်။ ယောက္ခမကြီးက 'တကျွတ်ကျွတ်' မြည်ပင် အပီအပြင် ဇက်ကြောတက်ပြလိုက်သေးသည်။

"ခံလိုက်ဦးပေါ့ကွာ"



သူ စိတ်ထဲမှနေညည်းရင်း ပျင်းရိစွာနှင့်ပင် စနှိပ်ပေးဖြစ်သည်။

"အမလေး. . . ငါ့သားလေးက တော်လိုက်တာ၊ နှစ်ရက်လောက် အမေ့ကို ဇက်ကြောမဆွဲပေးဖြစ်တာတောင် လက်ကကျမသွားဘူး၊ အရင်ကထက်တောင် လက်တက်လာသေးတယ်၊ ကောင်းလိုက်တာ၊ ကျွတ် ကျွတ်"

ယောက္ခမကြီးက ဇိမ်ခံရင်းနှင့်ပင် သူ့ကို ချီးကျူးသည်။ ထန်းပင်တက်လက်မှတ်ရမှန်းမသိ ရလိုက်သည်မို့ အောင့်သီးအောင့်သက် ခံစားရသည်ကတော့ အမှန်ပဲဖြစ်သည်။

နှိပ်ပေးရင်းနှင့်မှ သူ Massage Chair အကြောင်း သတိရသည်။ ဘယ်ကစပြောရမည်ကို သူ စိတ်ထဲမှနေ စီဖြစ်သည်။

"အမေက ဇက်ကြောတက်ချိန်မမှန်တော့ ဒုက္ခပဲနော်"

"ဘာဖြစ်လို့လဲ"

သူ့အမေးကို ပြန်၍မေးလိုက်သူက ယောက္ခမကြီးမဟုတ်။ သူ၏ချစ်ဇနီး ယမုံဖြစ်သည်။ ယမုံ၏လေသံက အနည်းငယ် မာဆတ်ဆတ်ဖြစ်နေသည်မို့ သူ ယမုံ့ကို လှမ်းကြည့်ဖြစ်သည်။ ပြီး ယမုံ့ကို လေပြည်ထိုးဖြစ်သည်။

www.burmeseclassic.com



"ကိုကိုမရှိတဲ့အချိန်တွေတွာ ဥပမာ ကိုကိုရုံးသွားနေတဲ့ အချိန်မျိုးမှာ ဖက်ကြောတက်ရင် ဒုက္ခပဲလို့ပြောတာ၊ အဲဒီအချိန်ကျ ဘယ်သူနှိပ်ပေးမှာလဲ"

"မပူပါနဲ့သားရယ် မိအုန်းစောရှိသားပဲ၊ သားလောက် လက်အားကောင်းကောင်းနဲ့ ဖက်ကြောမဆွဲတတ်ပေမယ့် ဒီလိုပဲ မရှိသုံးသုံးပေးရတော့မှာပေါ့"

ယောက္ခမကြီး၏ စကားကြောင့် ဟင်းချက်ရန်ပြင်နေ သော အုန်းစောက မျက်နှာကို မသိမသာမဲ့သည်။ ပြီး ပါးစပ်မှနေ မသိမသာ ပွစိပွစိရေရွတ်သည်။ ယောက္ခမကြီးနှင့်ယမုံက မမြင် သော်လည်း သူကတော့ လှမ်းကာအကဲခတ်လိုက်သည်မို့ မြင်ဖြစ် အောင်ကို မြင်သည်။

"နောက်ဆို အမေ ဘယ့်အချိန်ပဲ ဖက်ကြောတက်တက် အဆင်ပြေအောင် သားစီစဉ်ပေးမယ်၊ လုံး၀ အမေသဘောကျ စေရမယ်ဗျာ၊ အာမခံတယ်"

သူ၏အဆိုကြောင့် အနှိပ်ခံနေသော ယောက္ခမကြီးက လည်ပင်းစောင်းကာ သူ့ကိုလည်ပြန်ကြည့်သည်။

ဟိုဖုန်ခါသလိုလို ဒီဖုန်ခါသလိုလိုဖြင့် ကြက်မွေး တစ်ချောင်းနှင့် အလုပ်ရှုပ်နေသော ယမုံက သူ့ကို ပြူးကြောင်



ကြောင် လှမ်း၍ကြည့်သည်။

ဟင်းချက်ရန်အတွက် ပြင်ဆင်နေသော အုန်းစောက ပါးစပ်ကြီးဟကာ သူ့ကို မမြင်ဘူးသူတစ်ယောက်လို ကြည့်သည်။

"ဘယ်လိုစီစဉ်ပေးမှာလဲ"

ယမုံနှင့် ယောက္ခမကြီးက ပြိုင်တူပင် 'ဓာတ်ရှင်တွေထဲက လို'မေးသည်။ သူ ချက်ချင်းပြန်မဖြေသေးဘဲ ဓာတ်ရှင်မင်းသား တစ်ယောက်လို စတိုင်အပြည့်ဖြင့် ပြုံးဖြစ်သည်။ ပြောမပြဘဲ ထားတာတ ကောင်းသည်ဟု တွေးမိသည်။

"မကြာမီလာမည်. . . မျှော်"

သူ၏အဖြေကြောင့် အားလုံးတ သက်ပြင်းချသူကချ မျက်စောင်းဖြင့်ကြည့်သူကကြည့် ဖြစ်ကုန်သည်။ သူကတော့ သူ့ အတွေးနှင့်သူ ပြုံးဖြစ်သည်။

× × × ×

www.burmeseclassic.com

**Women carry the swords in their mouths.**

မိန်းမများသည် ဓားများကို သူတို့ပါးစပ်ထဲတွင် သယ်ဆောင်လာ၏။

*German Proverb*

xxxxx





"ဒီတော့ မင်း ဒီ Massage Chair ကို မျက်လုံးစုံမှိတ်ပြီး ဝယ်ပစ်လိုက်တယ်ပေါ့၊ နှမြောတော့ နှမြောစရာကြီးနော်"

သန့်ဇော်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဆိုသည်။

"နှမြောမနေပါနဲ့ကွာ၊ နေ့နေ့ညည သူစိတ်ကူးပေါက်တဲ့အချိန်တိုင်း သူပျင်းပျင်းရှိတဲ့အချိန်ရောက်တိုင်း အနှိပ်တော်ဆက်ပေးနေရတာနဲ့ ယှဉ်ရင်တော့ ဒီစက်ကိုဝယ်လိုက်တာက ကောင်းပါတယ်"

ဝင်းခိုင်က ထောက်ခံစကားဆိုသည်။

"ဒါနဲ့ ဒီကိစ္စကို မင်းမိန်းမသိရင် ကျေနပ်ပါ့မလားဟ မင်း

www.burmeseclassic.com



ယောက္ခမကတော့ ကျေနပ်မှာပါ"

ဝင်းနိုင်က တလက်စတည်းဆိုသည်။

"ယောက္ခမကြီးရော မိန်းမရော ကျေနပ်မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

သူ၏စကားအဆုံးမှာ သန့်ဇော်ကမေးသည်။

"ယောက္ခမကြီးကတော့ ငါ့ကို ပညာပေးလို့မရတော့လို့ ကျေနပ်မှာမဟုတ်ဘူး၊ အဲ ယမုံတကျတော့ ကပ်စီးနည်းကော်တ ရာမို့လို့ ငါ့ဘဏ်စာအုပ်ထဲက သိန်းလေးဆယ်ကျော် ထွက်သွားတာကို နည်းနည်းလေးမှ ကျေနပ်မှာမဟုတ်ဘူး၊ အကြောင်းကတော့ကွာ အပိုကုန်ဆိုပြီးတော့ ပြောမှာပဲ၊ ဒါပေမယ့် ငါ့အတွက် သုံးတာလည်းမဟုတ်ဘူး၊ ငါ့မိဘအတွက် သုံးတာလည်းမဟုတ်ဘူး၊ သူ့အမေအတွက် သုံးတာဆိုတော့ သူ ငါ့ကို ဘာမှအပြစ်တင်လို့မရတော့ဘူး၊ ကဲ ငါ့အစီအစဉ် Good တယ်မဟုတ်လား"

သူက ရှည်လျားစွာဆိုရင်း ပြုံးဖြစ်သည်။

"မထင်နဲ့နော်. . . ငါကြားဖူးတဲ့ ဂျာမန်စကားပုံတွေထဲမှာ မိန်းမတွေက ဓားတွေကို သူတို့ပါးစပ်ထဲမှာ သယ်ဆောင်လာတယ်တဲ့၊ စကားကို ဓားခုတ်သလို ပြောတတ်ကြတယ်ကွ၊ တော်ကြာ အကောင်းမမြင်ဘဲ အပြစ်မြင်နေရင် ဘယ်လိုလုပ်မလဲ"





သန့်ဇော်က သူ့အလွတ်ကျက်ထားဟန်တူသော စကားစုံတစ်ခုကို ဥပမာပေးရင်း ဆိုသည်။

"မတတ်နိုင်ဘူးကွာ၊ အမှန်အတိုင်းပြောရရင်တော့ ငါ သက်သာချင်တာလည်းပါတယ်၊ ပြီးတော့ ဘာပဲပြောပြော ယောက္ခမကြီးကိုလည်း စေတနာတကယ်ရှိလို့ ဝယ်ပေးတာ၊ ငါ သံယောဇဉ်ရှိပါတယ်ကွာ၊ ယောက္ခမဆိုတာကလည်း အမေပါပဲ ဟုတ်တယ်မဟုတ်လား"

သူ ဆရာကြီးလေသံဖြင့် ဆိုဖြစ်သည်။

"အေးပါ. . . ငါက ဖြစ်ပါစေလို့ ပြောတာတော့မဟုတ်ဘူး၊ တစ်ခါတလေမှာ စေတနာက ဝေဒနာဖြစ်တတ်တယ်ဆိုတာကို ပြောပြတာပါ"

သန့်ဇော်က အထက်ပါအတိုင်းဆိုသည်။

"တချို့တွေကျတော့ကွာ Hand Made ကိုမှ ကြိုက်တဲ့လူရှိတယ်၊ ဥပမာကွာ စတော်ဘယ်ရီကို စက်ဖျော်မကြိုက်ဘဲ လက်ဖျော်မှ ကြိုက်တယ်ဆိုတာမျိုး၊ ရခိုင်မုန့်တီ လက်ညှစ်ဆိုတာမျိုး၊ ဆီဆိုရင်လည်း ဆုံဆီလိုဟာမျိုးပေါ့ကွာ၊ စက်ကို လုံးလုံးမကြိုက်ကြဘူး၊ မင်းယောက္ခမကြီးလည်း အဲဒီလိုအထဲမှာပါရင် ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းခိုင်က ရယ်ကျဲကျဲဖြင့်ဆိုသည်။

"မပြောတတ်တော့ပါဘူးကွာ"

ဝင်းခိုင်၏အဆိုကို သူခေါင်းခါရင်း ရယ်ဖြစ်သည်။

"ဒါနဲ့ မင်းရဲ့စက်က အခုဘယ်မှာလဲ"

ဝင်းခိုင်က မေးသည်။

"အခုလောက်ဆို အိမ်ရောက်လောက်ရောပေါ့ကွာ၊ ဆိုင်က အိမ်အရောက် ဝန်ဆောင်မှုပေးတယ်လေ၊ ကားခပေးစရာ မလိုဘူး"

သူ ဝင်းခိုင်ကို ပြန်၍ဖြေဖြစ်သည်။ ထိုစဉ်မှာပင် သူ့ဖုန်းက မြည်လာသည်မို့ ကိုင်ဖြစ်သည်။ ဖုန်းက ယမုံ့ဖုန်း။

"ပြော မိန်းမရေ"

"ကိုကို ဘာဖြစ်လို့ မပြောမဆိုနဲ့ အဲဒီစက်ကြီးဝယ်လိုက်ရတာလဲ"

နားထဲသို့ စူးခနဲဝင်လာသော ဖုန်းသံကြောင့် သူ ဖုန်းကို နားဖြင့်ခွာဖြစ်သည်။

"ကိုကို အခုပြန်လာခဲ့မယ်ကွာနော်"

"ပြန်လာခဲ့၊ အခုချက်ချင်းနော်"

"OK ယမုံ OK"



သူ့အရိပ်အကဲကို ကြည့်နေသော ဝင်းခိုင်တို့နှစ်ကောင်တို့ သူ ပခုံးတွန့်ပြဖြစ်သည်။

"သန့်ဇော်ပြောသလိုပဲကွာ ငါ့မိန်းမရဲ့စကားသံမှာ ဓားသံတွေပါနေပြီကွ၊ ပြန်ပြီး အခုတ်အထစ်ခံလိုက်ဦးမယ်"

ပြေးထွက်ခဲ့သော သူ့ကို သကောင့်သားနှစ်ကောင်က 'မယားကြောက်'ဟု လိုက်၍အော်သည်။

"ကြောက်တာမဟုတ်ဘူးကွ၊ ချစ်တာ ချစ်တာ"

သူနောက်လှည့်မကြည့်ဘဲ ဆိုဖြစ်သည်။

"ငါတို့ ဒီဆိုင်မှာ ညကိုးနာရီအထိ ထိုင်နေမယ်နော်၊ အကူအညီလိုရင် လှမ်းခေါ်လိုက်၊ ဒါမှမဟုတ် အထုအထောင်းခံရရင်လည်း ဒီကိုပဲလာခဲ့၊ ငါ Ambulance ခေါ်ထားလိုက်မယ်"

"ခွေးကောင်၊ လွဲပါစေ ဖယ်ပါစေဗျာ၊ ဖွ. . .ဖွ"

ဝင်းခိုင်၏အဆိုကို သူပြန်၍ ရေရွတ်ဖြစ်သည်။ ကားကို မောင်းလာရင်း ရင်တွေကခုန်နေသည်။ သေချာပေါက် ယမုံနှင့်သူ စကားအခြေအတင် ပြောရလိမ့်မည်။ ကြည့်ရသည်မှာ ယခုဝယ်လိုက်သော စက်အတွက် ယမုံတစ်ယောက် ကျေနပ်ဟန်မတူ။

ဝင်းထဲသို့ ကားမောင်းဝင်လိုက်သည်နှင့် အိမ်ရှေ့မှာ ယမုံက မျက်နှာကြီးစူပုပ်ကာ ရပ်စောင့်၍နေသည်။ အနေအထားတ

www.burmeseclassic.com



တော်တော်ကြီးရှင်းရမည့်ပုံ။

"ကိုကို ဘယ်လိုလုပ်လိုက်တာလဲ"

ကားပေါ်မှ ဆင်းဆင်းချင်း ယမုံက အာခေါင်ခြစ်ကာ အော်သည်။

"ကိုကို ဘာလုပ်မိလို့လဲ"

"ဟို Massage Chair ကို ဘာဖြစ်လို့ မပြောမဆိုနဲ့ဝယ်လိုက်တာလဲ၊ ဒီလောက်ဈေးကြီးတဲ့ဥစ္စာကို"

ယမုံ၏အသံမှာ နှမြောသံတွေ စီးဝင်ကာနေသည်။

"မိန်းမရယ် ကိုကိုက ဘာများလဲလို့ကွာ၊ အဲဒါ အမေ့အတွက်ဝယ်ခဲ့တာလေကွာ၊ အမေ ဘယ်အချိန်ပဲညောင်းညောင်း တရေးနိုးပဲ ဇတ်ကြောတက်တက်၊ ခလုတ်လေးနှိပ်လိုက်ရုံပဲ၊ ကိုကိုတို့မရှိလည်း ပြဿနာမရှိဘူး၊ ဘယ်လောက်အဆင်ပြေလဲ"

"မသိဘူး၊ ယမုံ့ကိုလည်း ဘာမှမတိုင်ပင်ဘဲနဲ့ ကိုကိုတစ်ယောက်တည်း လုပ်ချင်တာတွေလုပ်ရလား၊ ဖုန်းလေးပဲဖြစ်ဖြစ်ဆက်ပါဦးလား၊ တိုင်တိုင်ပင်ပင်လေးလည်း မရှိဘူး"

ယမုံက ဆိုင်မှလာချထားပေးသော Massage Chair ကို မကျေမနပ် တစ်ချက်လှမ်းကြည့်ရင်း ဆိုသည်။

"အဲဒီ Massage Chair တွေက မီးအားအရမ်းဆွဲတယ်လို့ကြားဖူးတယ်၊ မီတာခတွေ အရမ်းကျတော့မှာပဲ၊ ကိုကိုရယ် ဆိုင်ကိုပြန်သွင်းလို့မရဘူးလား၊ မေးကြည့်ပါဦး"

ယမုံက ခေါင်းကိုကုတ်ရင်းဆိုသည်။

"ဘယ်ရမလဲ. . . ကုမ္ပဏီက ဒီစက်ကြီးပျက်ရင် Service ပေးတာမျိုးပဲရမယ်၊ ပြန်သွင်းလို့ဘယ်ရမလဲ"

သူ ခေါင်းခါရင်း ငြင်းဖြစ်သည်။

"ဒုက္ခပါပဲ၊ ဒါနဲ့ ဘယ်လောက်ပေးရလဲဟင်၊ ဈေးကြီးတယ်လို့ကြားဖူးတယ်၊ ဆယ်သိန်းကျော်လား၊ ဆယ့်ငါးသိန်းကျော်လား ကိုကို"

ယမုံက ရင်ဘတ်ကိုဖိရင်း နှမြောစွာပင် မေးသည်။

"သိန်းလေးဆယ်စွန်းစွန်းလောက်ပဲ ကျတာပါ"

"ဘာ. . . သိန်း. . . သိန်းလေးဆယ်ကျော်တောင်"

အလန့်တကြားထ၍ ရေရွတ်လိုက်သူက ယမုံမဟုတ်။ ယောက္ခမကြီးဖြစ်သည်။ ယမုံက 'ဘာ'ဟုပင် ယောက္ခမကြီးကဲ့သို့ မအော်နိုင်တော့။ ကပ်စီးနည်းသူမို့ ပါးစပ်ကြီးကိုဟကာ မှင်သက်မိနေသည်။

"သိန်းလေးဆယ်ကျော်တောင်တဲ့၊ ဘုရား ဘုရား ဈေးကြီးလိုက်တာသားရယ်၊ ငါ့သား အမေ့ကို အရမ်းဂရုစိုက်တယ်ဆိုတာ

www.burmeseclassic.com



အမေသိပါတယ်ကွယ်၊ ဒါပေမယ့် ဒီလောက်ဈေးကြီးတာကြီးကတော့ ဝယ်မလာသင့်ဘူး၊ နှမျောလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ဘူး"

ယောက္ခမကြီးက Massage Chair ကို နှမျောတသစွာ လှမ်းကာကြည့်ရင်း တစ်လုံးချင်းဆိုသည်။ သူကတော့ စိတ်ထဲက နေ ဝမ်းသာလုံးတွေ ဆို့ကာနေသည်။ ယမုံတို့ သားအမိ နှစ်ယောက်ကတော့ တြက်တြီး လည်လိမ်ထားသလို မှန်ကုပ်တုပ်ကြီးတွေ ဖြစ်ကာနေသည်။

"ကိုကို အခုချက်ချင်း အခန်းထဲလိုက်ခဲ့"

ယမုံက အံကြိတ်ကာ သူ့အနားနားကပ်၍ဆိုသည်။ သူမ၏အမေရှေ့မှာမို့ အခန်းထဲရောက်မှ ပွဲကြမ်းကာ အော်ဟစ်မည်ဆိုသည့်သဘော။

"ဟဲ့. . . ပြဿနာတော့ မဖြစ်ကြနဲ့နော်၊ ဒီစက်ဖိုး ငါရှင်းပေးပါ့မယ်၊ အမေပြောတာကြားလား သား"

ယောက္ခမကြီးက နောက်မှနေ၍ လိုက်အော်သည်။

"ရပါတယ်အမေရယ်၊ သားတ ဝယ်တန်တော့တဲ့ကိစ္စပဲ၊ အမေ့သမီးကို လိုက်ချော့လိုက်ဦးမယ်"

ပြောပြောဆိုဆိုပင် သူ ယမုံ၏နောက်ကို အပြေးတစ်ပိုင်း



လိုက်ခဲ့ဖြစ်သည်။ ယမုံက လက်ကြီးပိုက်ကာရပ်ရင်း စောင့်ကာနေသည်။

"ဘာလဲ ကိုကိုက ရွှဲတာလား"

"ဘာကိစ္စရွဲ့ရမှာလဲ၊ ယမုံနော် ကိုကို့စေတနာကို မစော်ကားနဲ့"

သူ ယမုံ့ကို ခပ်တည်တည်ဖြင့်ဆိုဖြစ်သည်။

"ကိုကိုက မေမေအိမ်မှာနေတာကို မကြိုက်ဘူးမဟုတ်လား၊ ကိုကို့မိဘတွေ လက်ဖွဲ့ထားတဲ့အိမ်ဆိုပြီးတော့"

ယမုံ၏စကားကြောင့် သူ ယမုံကို အံ့အားသင့်စွာဝင်ကြည့်ဖြစ်သည်။ ယမုံက မျက်နှာကို အသားကုန်တင်းကာထားသည်။

"ယမုံ ဘာဖြစ်လို့ ဒီစကားမျိုးကို ပြောထွက်ရတာလဲ"

"သိလို့ပြောနေတာ၊ ရည်းစားဘဝမှာကတည်းက သဘောမတူတဲ့ယောက္ခမ၊ ငါ့အိမ်ပေါ်ရောက်တုန်း ပညာပြမယ်ဆိုတဲ့သဘောလား၊ ကိုကို ဒီနေ့စက်ဝယ်လာတဲ့ ရည်ရွယ်ချက်တ ယောက္ခမကြီးအိမ်မှာရှိနေလို့ အပိုငွေတွေ ကုန်တယ်ဆိုတာမျိုး ချိုးချင်တာလား"

စွပ်စွဲချက်တွေ တစ်မျိုးပြီးတစ်မျိုး စွဲချက်တင်ကာ ယမုံက

www.burmeseclassic.com

အံကြိတ်ရင်းဆိုသည်။ စေတနာကို အစော်ကားခံရသည်မို့ သူတင်းလာသည်။

"အမေကြားသွားမှာစိုးလို့ ကိုကိုမအော်ချင်ဘူးနော်၊ ယမုံ တို့တို့စေတနာကို မစော်ကားနဲ့၊ ကိုကိုက ယောက္ခမကြီးကို အမေ လိုသဘောထားပြီး ဝယ်ပေးတာ၊ စေတနာမရှိရင် အိမ်ရိပ်တောင် မနင်းခိုင်းဘူး မှတ်ထား"

သူ ဒေါတန်ကန်ဖြင့် ဆိုဖြစ်သည်။

"သွားစမ်းပါ၊ အပိုတွေလာပြောမနေနဲ့၊ ရှေ့ရက်တွေ အရက်သောက်လာကတည်းက ယမုံရိပ်မိတယ်၊ ကျွန်မအမေက အိုးမရှိအိမ်မရှိမို့လို့ လာနေတာမဟုတ်ဘူးနော်၊ ကိုကို့အိမ်ထက် ပိုကောင်းတဲ့အိမ်မှာ နေလာတာ၊ အမေ့ကိုတော့ ခြေသလုံးအိမ် တိုင်တစ်ယောက်လို စော်ကားဖို့၊ နှိမ်ဖို့ မစဉ်းစားနဲ့"

"မင်းဘာတွေပြောနေတာလဲ"

သူ ဒေါကန်ကန်ဖြင့် အော်ဖြစ်သည်။

"မှန်တာတွေပြောနေတာ"

ယမုံက အာခေါင်ခြစ်ကာ ပြန်၍အော်သည်။ သူ ဒေါသ တွေ မထိန်းနိုင်တော့။

"အာ. . . ကဲကွာ"





"ခွမ်း"

သူ့ဒေါသထွက်လာသည်မို့ မှန်တင်ခုံပေါ်မှ ဖန်ခွက်ကို ကြမ်းပေါ်ပစ်ပေါက်ကာ ခွဲဖြစ်သည်။ ယမုံက အလန့်တကြားဖြင့် 'အမေရေ'ဟု အော်သည်။

"ဘာဖြစ်တာလဲသမီး"

'ဝုန်း'ခနဲပင် ယောက္ခမကြီးက သမီးဟုဆိုရင်း အိပ်ခန်းထဲ ဝင်လာသည်။

"ငါ့သမီးကို မင်းဘာလုပ်လိုက်တာလဲ"

ငိုနေသောယမုံကို ဖက်တာ ယောက္ခမကြီးက သူ့ကိုအော် သည်။

"အမေ့သမီးကို လက်ဖျားနဲ့တောင် မထိဘူး"

"ဟဲ့. . . နင်ဘာမှလုပ်ဘဲနဲ့ သူက အလကားနေရင်း ငိုမလားဟဲ့"

ယောက္ခမကြီးက အာခေါင်ခြစ်ကာအော်သည်။

"ဟုတ်တယ်ဗျာ. . . အမေ့သမီးကို ရိုက်ပစ်တာ၊ ကဲ"

သူ စိတ်တိုတိုဖြင့် ရွဲ့ကာဆိုဖြစ်သည်။

"ဟဲ့. . . အကောင်၊ ငါ့သမီးကို ငါတောင်မရိုက်ဖူးဘူး၊ မင်း အခုချက်ချင်း အိမ်ပေါ်ကဆင်းသွား"



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ဆင်းတာပေါ့၊ အဲလေ. . . ဘာကိုစွဲဆင်းရမှာလဲ၊ ဒါ တွန်တော့်အမေတွေ လက်ဖွဲ့ထားတဲ့အိမ်၊ သေတောင်မဆင်းဘူး"

သူလည်း စိတ်တိုတိုဖြင့် ငေါ့ဖြစ်သည်၊

"ဩော်. . . ရှင်က ဒီလိုစကားမျိုးပြောတယ်ပေါ့"

ယမုံက အာခေါင်ခြစ်ကာ ထရှဲအော်သည်။

"အာ. . . နားငြီးတယ်ကွာ၊ ဆင်းမယ်ကွာ၊ ဘယ်တော့မှ ပြန်မလာဘူး၊ မင်းလိုမိန်းမမျိုးရှိတဲ့အိမ်မှာ ဘယ်တော့မှ အတူမနေဘူး"

သူ ပြောပြောဆိုဆိုပင် တားသော့ကိုယူပြီး အိပ်ခန်းတံခါးကို ဝုန်းခနဲပိတ်ကာ ထွက်ခဲ့ဖြစ်သည်၊ ဒီအချိန်ဆို သန့်ဇော်တို့ ဝင်းခိုင်တို့ဆိုင်မှာ ရှိနေဦးမည်ထင်သည်၊

ကားကို ဝူးခနဲမောင်းထွက်ခဲ့ရင်း ရင်မှာ ပေါကန်ကာနေမိသည်၊ တကယ်တမ်းကျ သူ စေတနာပါပါဖြင့် ဝယ်ခဲ့ပေးခြင်းဖြစ်သည်၊ အခုတော့ ယမုံ၏အမြင်မှာက တစ်မျိုး။

သူ တက်ကို 'တောက်'ခနဲနေအောင် ခေါက်ဖြစ်သည်၊

"တောက်"

× × × ×



**Women and goats want a long rope.**

မိန်းမများနှင့် ဆိတ်များသည် ကြိုးရှည်ရှည်လိုကြ၏။

***German Proverb***

xxxx

www.burmeseclassic.com

www.burmeseclassic.com



"ဟ. . . အနိုပ်သည်ကြီး ဘယ်လိုဖြစ်တာလဲကွ"

"အိမ်ပေါ်ကဆင်းလာတာ"

ဆိုင်မှာပင် သန့်ဇော်၏ကား ရှိနေသေးသည်မို့ ဝင်သွားဖြစ်သည်။ သူ့ကိုမြင်မြင်ချင်းပင် ဝင်းခိုင်က 'အနိုပ်သည်ကြီး'ဟု လှမ်း၍စသည်။

"အိမ်ပေါ်ကဆင်းလာတာ ဟုတ်လား"

သူ၏စကားကို ပြန်ထောက်ရင်း သန့်ဇော်ကမေးသည်။

"မိန်းမတွေနဲ့ ဆိတ်တွေက ကြိုးရှည်ရှည်လိုတယ်ဆိုတဲ့ ဂျာမန်စကားပုံလိုပေါ့ကွာ၊ ကြိုးရှည်ရှည်နဲ့ စားကျက်မှာ လွှတ်ထား





ဖို့ပဲကောင်းတော့တယ်၊ စေတနာကို လူလိုနားမလည်ဘူး"

သူ စိတ်တိုတိုဖြင့် ရေရွတ်ဖြစ်သည်။

"ဘယ်သူ့ကို ပြောနေတာလဲကွ"

သန့်ဇော်က ပြောင်စိစိဖြင့်မေးသည်။

"ဘယ်သူရှိရမှာလဲ. . . အိမ်ကမိန်းမ ယမုံပေါ့ကွာ"

သူ ဖြစ်ကြောင်းကုန်စင်ကို ပြောပြဖြစ်သည်။

"မင်းယောက္ခမကြီးက မင်းအိမ်ပေါ်တက်နေပြီး မင်းကို နှင်ချလိုက်တာပေါ့လေ၊ မင်းတော်တော် ကံခေနေတာပဲ"

ဝင်းခိုင်က တခွီးခွီးရယ်ရင်းဆိုသည်။ ဝင်းခိုင်၏စကားအဆုံးမှာ သန့်ဇော်ကပါ တခွီးခွီးနှင့် လိုက်၍ရယ်သည်။

"ငါက ဒီမှာတင်းနေတာနော်၊ မင်းတို့နှစ်ကောင် ရယ်နေတဲ့ပုံစံက ငါ့ကိုလှောင်နေသလိုပဲ၊ စိတ်ညစ်ရတဲ့ကြားထဲ မင်းတို့နှစ်ကောင်ကတစ်မျိုး"

သူ စိတ်ပေါက်ပေါက်ဖြင့် ဆိုဖြစ်သည်။

"ဒီနေ့ညတော့ ငါ့တိုက်မှာ လိုက်အိပ်ပေါ့ကွာ၊ မနက်ဖြန်လောက်ဆိုရင်တော့ ယမုံမင်းကို ဖုန်းဆက်ပြီး ပြန်ခေါ်မှာပါ၊ ဒါနဲ့မင်း ငါ့အိမ်မှာနေတတ်ပါ့မလားတော့ မသိဘူး"

ဝင်းခိုင်က 'နေတတ်ပါ့မလား'ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့တုန်း"

သန့်ဇော်က ထ၍မေးသည်။ နှစ်ကောင်စလုံးက ပြောင်ချော်ချော်မျက်နှာပေးများဖြင့် အပိုးမကျိုးကြ။

"အိမ်မှာ Massage Chair မရှိလို့လေ"

ဝင်းခိုင်ကဖြေရင်း တခွီးခွီးရယ်သည်။ သန့်ဇော်ကပါ တဟီးဟီးရယ်သည်။ သူ့စိတ်ညစ်ညစ်ဖြင့် ပြုံးဖြစ်သည်။

"ခွေးကောင်တွေ တော်တော်ပျော်နေကြတယ် ဟုတ်လား"

သူ အားမရှိအင်မရှိပင် ဆိုဖြစ်သည်။ ယမုံနှင့် တစ်ခါမှ စကားမများ ရန်မဖြစ်ဖူးသည်မို့ ရင်ထဲမှာမကောင်း။ ယမုံက နေလည်းနေနိုင်သည်။ ခုထိ သူ့ကိုဖုန်းဆက်မလာခဲ့။

"အိမ်ကဆင်းလာတာတောင် မကြာသေးဘူး ဖုန်းကို တကြည့်ကြည့်နဲ့၊ ပစ်ထားလိုက်စမ်းပါကွာ၊ မင်းဘက်ကစပြီး လုံးဝ မဆက်သွယ်နဲ့ ကြားလား"

သန့်ဇော်က ဆရာကြီးလေသံဖြင့် ဆိုသည်။

"ဆက်စရာလားကွ၊ ဆက်လာမှာစိုးလို့ ဖုန်းပိတ်ထားရင် ကောင်းမလားလို့ စဉ်းစားနေတာ၊ မင်းတို့ဘာသိလို့လဲ"

သူ မျက်လုံးစုံမှိတ်ကာဆိုရင်း ငြင်းဖြစ်သည်။ တကယ်



တမ်းကျ ယမုံ့ထံမှဖုန်းကို သူမျှော်နေတာ အမှန်ပဲဖြစ်သည်။

"ပြောနေကြတယ်. . . ပိတ်ထားလိုက်ပါကွာ၊ ဒီအချိန်မျိုးမှာ ဖုန်းဆက်လာခဲ့ရင်လည်း ကြေအေးတဲ့ဖုန်းမျိုးဖြစ်မယ်မထင်ဘူး၊ ပြဿနာကို တစ်ကပြန်စမဲ့ဖုန်းမျိုးပဲ ဖြစ်မှာ"

ဝင်းခိုင်၏စကားအဆုံးမှာ သူခေါင်းခါဖြစ်သည်။

"ဖုန်းပိတ်ပစ်လို့ရမလားကွ၊ အခြားအရေးကြီးတဲ့ အလုပ်ကိစ္စ ဖုန်းတွေလာရင် ဘယ်လိုလုပ်မလဲ၊ ငါက ကိုယ်ရေးကိုယ်တာနဲ့ အလုပ်ကိစ္စနဲ့ကို အရောခံတဲ့တောင်မဟုတ်ဘူး၊ ဘာဖြစ်လဲတွာ သူဆက်လာရင်လည်း မကိုင်ဘူးပေါ့"

"အေးပါ. . . ယုံဒယ်. . . ယုံဒယ်"

သန့်ဇော်က 'ယုံတယ်'ကို 'ယုံဒယ်'ဟု တမင်ရွဲ့ကာဆိုသည်။ စိတ်ထဲကို လှမ်းမြင်တတ်ကြသော သူငယ်ချင်းများမို့ သူ တမင်လိမ်နေမှန်း သိနေကြဟန်တူသည်။ 'ယမုံရေ'ဟု သူ့ရင်ထဲမှာ အကျယ်ကြီးအော်နေမိသည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းမလာဘူးလား"

သူအိပ်ရာမှနိုးနိုးချင်း ဖုန်းကိုယူကြည့်ဖြစ်သည်။ တစ်ဖက်ခုတင်မှ ဝင်းခိုင်က အလစ်အငိုက်ဖမ်းကာ ထမေးခြင်းဖြစ်သည်။

"ဘယ်နှနာရီရှိပြီလဲလို့ နာရီကြည့်တာကွ"

သူတမင်ပင် ငြင်းဖြစ်သည်။

"လက်မှာပတ်ထားတဲ့ နာရီကို အားနာစရာကြီးကွာ"

ဝင်းခိုင်က သူ့လက်မှနာရီကို လှမ်းကြည့်ရင်း ဆိုသည်။ သူဘာပြန်ပြောလို့ ပြောရမှန်းမသိ ဖြစ်ကာသွားသည်။

"ရှက်မနေပါနဲ့တွာ၊ မင်း ယမုံဆီကဖုန်းကို မျှော်နေတယ်



မဟုတ်လား၊ သူကမဆက်ရင်လည်း မင်းကဆက်လိုက်ပေါ့တွာ၊ လင်မယားချင်းပဲ မာန်မာနတွေ ထားမနေပါနဲ့"

ဝင်းခိုင်က တရားချသလိုဆိုသည်။

"မဆက်ဘူးကွာ"ဟု သူပြန်၍ဆိုဖြစ်သည်။

"ဝင်းခိုင်ရေ. . . ဟိုကောင် အိမ်ပြေးနိုးပြီလား"

ထိုစဉ်မှာပင် သန့်ဇော်က အော်ရင်းမေးရင်းဖြင့် အခန်းထဲဝင်လာသည်။

"ဟကောင်. . . ငါက အိမ်ပြေးမဟုတ်ဘူးကွ၊ ဖြတ်တန်လိုက်ဦးမယ်"

ခြေထောက်ကို မြှောက်ပြရင်း သူဆိုဖြစ်သည်။

"သွားမပြောနဲ့ ငါ့ကောင်ရေ၊ ယမုံဆီက ဖုန်းမလာလို့ နာကစ်နေတာ၊ တော်ကြာ မင်းတို့ငါတို့အပေါ်မှာ ဒေါသတွေပြုတ်ကျလာဦးမယ်"

ဝင်းခိုင်က ရယ်ကျဲကျဲဖြင့်ဆိုသည်။

"ငါတို့ရှိနေလို့ ရှက်နေတာလား၊ မင်းဖုန်းဆက်ချင်ဆက်လေ၊ ငါတို့နှစ်ကောင်ရှောင်ပေးမယ်၊ ဘယ်လိုလဲ"

"တော်စမ်းပါကွာ. . . ငါတ ဘာကိစ္စဆက်ရမှာလဲ၊ သူဟာမှားတာပဲ သူဆက်ပစေပေါ့၊ ပြီးတော့ အိမ်ပေါ်ကနှင်ချတာတ

www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမကြီးလေကွာ၊ ဒီတော့ သူကပဲ စတောင်းပန်သင့်တာပေါ့၊ ငါကတော့ သေချာတယ် လုံးဝမဆက်ဘူး၊ ဒါပဲ”

သူ ခပ်တည်တည်ပင် ဆိုဖြစ်သည်။ ‘အေးပါ. . . အေးပါ စောင့်ကြည့်ရသေးတာပေါ့’ဟု သန့်ဇော်က ရေရွတ်သည်။

“စောင့်ကြည့်စရာ မလိုပါဘူးကွာ၊ ဖုန်းကိုတကိုင်ကိုင်နဲ့ မမြင်ချင်အဆုံးပဲ၊ မျက်စိနှစ်လုံးဖွင့်တာနဲ့ ဖုန်းကိုကြည့်တော့တယ်”

ဝင်းခိုင်က ဖော်ကောင်လုပ်သည်။

“နာရီကြည့်တာလို့ ပြောပြီးပြီလေကွာ”

သူ ဇွတ်ငြင်းဖြစ်သည်။

“ကဲပါ. . . ရှက်ကိုးရှက်ကန်းတွေ ဖြစ်မနေပါနဲ့၊ ထ. . . ထ ကုမ္ပဏီသွားဖို့လုပ်၊ ဟိုရောက်တော့မှ ခိုးပြီးဆက်ပေါ့ကွာ၊ ငါတို့မှ မမြင်ရတာ”

သန့်ဇော်က ခပ်တည်တည်ဖြင့်ဆိုသည်။

“ငါက ဗူးဆို ဖရုံမသီးဘူးကွ၊ မဆက်ဘူး၊ သူစဆက်ရင်တောင် မကိုင်ဘူး၊ ငါက ခပ်ပျော့ပျော့ယောကျ်ား မဟုတ်ဘူးကွ၊ ချော့တိုင်းပျော့တဲ့ကောင် မဟုတ်ဘူး၊ မှတ်ထား”

သူလည်း ခပ်တည်တည်ပင် ဆိုဖြစ်သည်။ ရင်ထဲကမူ ‘ယမုံ့ဖုန်းကို အသည်းအသန် မျှော်နေမိသည်။ တကယ်တမ်းကျ





ယမုံဆက်မလာခဲ့ရင်လည်း ကုမ္ပဏီရောက်လျှင် ဆက်ဖို့ သူတွေးထားပြီးသားဖြစ်သည်။

ဤသည်ကိုပင် ကြိုသိနေသည်လားမသိသော သန့်ဇော်တို့ကတော့ သူ့ကို ပြုံးစိစိပင် ဝိုင်း၍ကြည့်ကြသည်။

“ဒီဖုန်းကို ကိုင်ကိုမကိုင်ဘူးကွာ”

ဖုန်းကို အိပ်ရာပေါ် ခပ်ရွှရွှလေးပစ်ချရင်း သူ မျက်နှာသစ်ရန် ထွက်ခဲ့ဖြစ်သည်။ ‘ဖုန်းလာတယ်ဟေ့’ဟု သန့်ဇော်တ လှမ်းအော်ရင်း စသည်။

“ယမုံကလည်းကွာ နေနိုင်လိုက်တာ”

ရင်ထဲကနေ ဆိုဖြစ်သည်။ သူဖုန်းမျှော်နေလိမ့်မည်ကို ယမုံတစ်ယောက် မတွေးမိလေရော့သလား။

“ယမုံရေ”

သူ ရင်ထဲကနေ အကျယ်ကြီးအော်ဖြစ်သည်။ သူ ယမုံ့ကိုလွမ်းသည်။ တစ်ညတည်းဟုဆိုသော်လည်း သူမလွမ်းဘဲ မနေနိုင်ခဲ့။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



ကုမ္ပဏီမှာ တစ်နေ့တုန် ထိုင်မရထမရကြီး ဖြစ်ကာနေသည်။ ယမုံက နေလည်းအတော်နေနိုင်သည်။ ဖုန်းတစ်ခါလေးပင် ဆက်မလာခဲ့။

တစ်နေကုန် ဖုန်းမျှော်နေရင်း အလုပ်ပင် ကောင်းကောင်း မလုပ်နိုင်၊ ညနေခင်း ရုံးဆင်းချိန်မှာတော့ သူလုံးဝမနေနိုင်တော့။

ယမုံ့ဆီ ဖုန်းခေါ်ဖြစ်သည်။

"ဟဲလို. . . ကိုကို"

ဖုန်းဝင်ဝင်ချင်းပင် ယမုံက ထူးသည်။ 'ကိုကို'တဲ့။ အသံက တကယ့်တို ချိုချိုလေး။ လွမ်းဆွေးမှုတွေတောင် စီးမျောနေ



သလားဟု ကဗျာဆန်ဆန် သူတွေးဖြစ်သည်။

"ယမုံ့ကို အရမ်းလွမ်းတယ်ကွာ"

"အတူတူပဲ၊ ယမုံလည်း ကိုကို့ကိုလွမ်းတယ်"

ကြည့်စမ်း ယမုံရယ် ချစ်စရာကောင်းလိုက်တာကွာ။

"ကိုကို အခုပြန်ခဲ့ချင်တယ်ကွာ"

"ပြန်ခဲ့ပေါ့"

"အမေ့ကိုကြောက်တယ်ကွာ"

"အာ. . . မေမေမရှိဘူး၊ သူ့ညီမအိမ်မှာ တစ်ညသွားအိပ်မယ်ဆိုပြီး သွားလိုက်ပြီ၊ အခုအိမ်မှာ ယမုံနဲ့ အုန်းစောနဲ့ နှစ်ယောက်ပဲရှိတယ်"

သူ ဝုန်းခနဲ ရင်ထဲမှာ ဝမ်းသာလုံးဆို့တာသွားသည်။ ဒါ ယောက္ခမကြီး တမင်ရှောင်ပေးတာလားဟု သူ တွေးမိသည်။

"ဒါဖြင့် ကိုကို အခုပြန်ခဲ့မယ်ကွာ"

"အင်း. . . ယမုံစောင့်နေမယ်နော်"

"ဟဲလို. . . ယမုံ. . . ယမုံ"

"ပြော. . . ကိုကို"

"ကိုကို ယမုံ့ကို အရမ်းချစ်တယ်"

"ယမုံလည်း ကိုကို့ကို အရမ်းချစ်တယ်၊ ဒါပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



"OK"

သူ ဖုန်းကို အိတ်ကပ်ထဲထည့်ကာ ပြေးဖြစ်သည်။ ကုမ္ပဏီ ပေါက်ဝအရောက်မှာ သန့်ဇော်တို့ သကောင့်သားနှစ်ကောင်နှင့် တွေ့သည်။ ဝင်းခိုင်က. . .

"ဟကောင် မျက်နှာကြီးပြုံးလို့ ဘယ်လိုဖြစ်နေတာတုန်း"

"ငါ့အလုပ်ကိစ္စတစ်ခု အဆင်ပြေသွားလို့ မင်းတို့နဲ့ မနက်ဖြန်မှဆုံမယ်ကွာ၊ ဟုတ်ပြီလား၊ ကဲ ကဲ ငါသွားပြီ"

"ယမုံ့ဆီသွားမှာ မဟုတ်လား၊ မင်းအိမ်ကို ငါတို့လိုက်လာမှာနော်"

သန့်ဇော်က လှမ်း၍အော်သည်။ သူ ဘာမှပြန်မပြောဖြစ်။ လက်ခါပြခဲ့ပြီး ကားဆီသို့သာ ခြေသုတ်တင်ဖြစ်သည်။

"အပြောတစ်မျိုး အလုပ်တစ်မျိုးကောင်"

ဝင်းခိုင်က အရယ်တစ်ဝက်ဖြင့် လိုက်၍အော်သည်။

"ဟုတ်တယ်ကွာ. . . ဘာဖြစ်လဲကွာ"

ကားပေါ်တက်ရင်း သူ ပြန်အော်ဖြစ်သည်။ သကောင့်သားနှစ်ကောင်က ပြုံးဖြီးဖြီးကြီး တွေကြည့်ရင်း ကျန်ခဲ့သည်။

ကားမောင်းလာရင်း ရင်တွေကခုန်နေသည်။ ဤရင်ခုန်သံက ယမုံနှင့် ပထမဆုံး စချိန်းတွေ့စဉ်က ရင်ခုန်သံလိုမျိုး။





ဘာပဲပြောပြော ယောက္ခမကြီး ဂဂျီးဂဂျောင်ဖြင့် စိတ်ပြောင်းသွားကာ အိမ်ပြန်မလာဖို့ အရေးကြီးသည်။

အရေးထဲမှာ ကားလမ်းတွေက ပိတ်ကာနေသည်။ ဖြစ်နိုင်လျှင် ကားကိုထားကာ ခြေလျင်ပင် ထပြေးလိုက်ချင်သည်။

ဒီနေ့မှ မီးပွိုင့်တွေကလည်း ခဏခဏမိသည်။ သူ ယမုံ့ဆီ ဖုန်းလှမ်းဆက်ဖြစ်သည်။ ယမုံက ချက်ချင်းဖုန်းကိုင်သည်။

"ယမုံ"

"မရောက်သေးဘူးလား ကိုကိုရဲ့"

"မီးပွိုင့်တွေ ခဏခဏမိပြီး ကားလမ်းတွေ ပိတ်နေလို့ယမုံရဲ့၊ အဲဒါလှမ်းပြောတာ၊ ဒါနဲ့ ယမုံ"

"အင်း. . . ပြော ကိုကို"

"ယမုံ့ကို အရမ်းချစ်တယ်ကွာ"

"အပိုတွေ"

"အိမ်ရောက်ရင် အပိုတွေဟုတ်လား မဟုတ်လားဆိုတာ သိမှာပါ"

"ဒါပဲနော်. . . ကိုကို၊ ကားမောင်းရင်း ဖုန်းမပြောသင့်ဘူး"

"OK...ယမုံ"



www.burmeseclassic.com

www.burmeseclassic.com



သူ ဖုန်းကိုချဖြစ်သည်။ မိုးနိုက မိုးစိမ်းသို့ ပြောင်းပြီမို့ ကားကို သူမောင်းထွက်ခဲ့ဖြစ်သည်။ ဒီနေ့မှ မိုးပွိုင့်တွေက အတော်လေးကိုကြာသည်။

× × × ×



**A man's best or worst fortune is his wife.**

ယောကျ်ားတစ်ယောက်၏ ကောင်းမွေ၊ ဆိုးမွေသည် ၎င်း၏ဇနီးအပေါ်တွင် တည်သည်။

***Spanish Proverb***

×××××

www.burmeseclassic.com

www.burmeseclassic.com



ကားကိုရပ်ခဲ့ပြီး အိမ်ထဲကို သူ အပြေးတစ်ပိုင်းဝင်ခဲ့ဖြစ်သည်။ ယမုံက ကားသံကြောင့် အခန်းထဲမှ အပြေးတစ်ပိုင်း ထွက်လာသည်။

"လာ. . . ယမုံ"

သူ ယမုံ့လက်ကိုဆွဲပြီး အိပ်ခန်းထဲဝင်ရန်ပြင်သည်။

"အခန်းထဲမှာ အုန်းစောရှိတယ်"

ယမုံက သူ့လက်ကို ပြန်ဆွဲကာထားရင်း ဆိုသည်။

"ဒီကလေးမက ဘာဝင်လုပ်ရပြန်တာတုန်း"

"သန့်ရှင်းရေး နည်းနည်းပါးပါးလုပ်ခိုင်းထားတယ်၊



ဘာဖြစ်လို့တုန်း"

"မရတော့ဘူး၊ ယမုံ့ကို အရမ်းလွမ်းလွန်းလို့ ခဏတော့ ဖက်ထားမှရမယ်၊ လာ ယောက္ခမကြီးမှမရှိတာ သူ့အခန်းထဲသွားမယ်"

ပြောပြောဆိုဆိုပင် သူ ယမုံ့လက်ကိုဆွဲကာ ယောက္ခမကြီး အခန်းဘက်ဆီ ချီတက်ဖြစ်သည်။ ယမုံက 'ဘယ်လိုဖြစ်နေတာလဲ'ဟု ဆိုရင်း ပါလာသည်။

ယောက္ခမကြီး၏ အခန်းတို ဗိတ်ပိတ်ပြီးချင်း ယမုံ့ကို သူ နစ်ဝင်သွားမတတ် ဖက်ထားဖြစ်သည်၊ ပြီး အနမ်းမိုးရွာရန်ပြင်ခိုက်. . .

"သမီးရေ. . . သမီး"

ယောက္ခမကြီး၏အသံကြောင့် သူ တစ်ကိုယ်လုံး တုန်ကာသွားရသည်။

"အမေပြန်လာတယ်နဲ့တူတယ်"

ပြောပြောဆိုဆိုပင် သူပုန်းစရာနေရာရှာသည်၊ နောက်ဆုံးတော့ ယောက္ခမကြီး၏ ခုတင်အောက်ဆီ သူလိုမ့်ဝင်ဖြစ်သည်။ သူမက ခေါင်းကိုကုတ်သည်။

"ဩော်. . . ဒီသမီးကလည်း ဖော်မကြား ခေါ်မကြား

www.burmeseclassic.com



နဲ့"

ဝုန်းခနဲ တံခါးကိုဖွင့်ကာ ယောက္ခမကြီးဝင်လာသည်။

"အမလေး. . . အမလေး လန့်လိုက်တာသမီးရယ်၊ သမီးက ဘာကိစ္စ မေမေ့အခန်းထဲ ရောက်နေတာတုန်း"

"ဟိုလေ. . . သန့်ရှင်းရေး၊ သန့်ရှင်းရေးဝင်လုပ်တာ"

ယမုံက အယောင်ယောင်အမှားမှားဖြင့် ဖြေသည်။

"ကဲ. . . လာပါဦးသမီးရယ်၊ လာ ခုတင်ပေါ် ထိုင်"

ယောက္ခမကြီးက ခုတင်ပေါ် စွေ့ခနဲထိုင်ရင်း သမီးဖြစ်သူကို ခေါ်သည်။ ယမုံက 'မထိုင်တော့ဘူး အမေ'ဟု ဆိုသည်။

"လာပါသမီးရယ် မေးစရာရှိလို့"

"ဘာမေးမလို့လဲ အမေရဲ့"

"အိမ်ရှေ့မှာ ကားတွေလို့လေ၊ အဲဒါ သားပြန်ရောက်ပြီ မဟုတ်လားလို့ မေးမလို့"

"ကားက သမီးပြန်တောင်းလို့ သူ့သူငယ်ချင်းလာပို့သွားတာ၊ လူကိုပြန်မလာခဲ့နဲ့လို့ ပြောထားတယ်၊ မုန်းလွန်းလို့၊ တစ်ခါတည်း မှတ်လောက်သားလောက်အောင်ကို ဆုံးမထားရမယ်၊ သူက ဆရာကြီးမို့လို့လား"

ယမုံက ခပ်တည်တည်ကြီးနှင့် ဆိုနေဟန်တူသည်။ ခုတင်



အောက်မှာမို့ ခြေထောက်များကိုသာ သူမြင်နေရသည်။

"ဟဲ့. . . လင်နိုင်ကုန်ရုန်း တစ်သက်လုံးတဲ့၊ လင်ကိုနိုင်တဲ့ မိန်းမက ဘယ်တော့မှ မကြီးပွားဘူးတဲ့၊ ကိုယ့်ယောကျ်ားကိုယ် ရိုသေမှပေါ့"

ဒီလိုကြပြန်တော့လည်း ယောက္ခမကြီးက ဘယ်ဆိုးလို့တုန်းဟု သူတွေးရင်းပြုံးမိသည်။ ပြီး စိတ်ထဲမှ အမှတ်တွေပေးနေမိသည်။

"ပြီးတော့ သူပြန်လာတဲ့အထိမစောင့်နဲ့ သမီးကပဲ ပြန်ခေါ်လိုက်၊ ပြီးတော့ မှားသွားတာကို တောင်းပန်လိုက်ကြားလား"

"မတောင်းပန်ပါဘူး၊ သမီးမှမမှားတာ"

ယမုံ၏ ဂျစ်ကန်ကန်ပြောသံကို ကြားနေရသည်။

"ကဲ. . . အမေ ဒီလောက်ပြောနေရင် နားထောင်တော့ကွယ်၊ မဟုတ်ရင် အမေ သမီးတို့နဲ့ မနေတော့ဘူး"

"အာ. . . မေမေကလည်း အကျပ်ကိုင်နေပြန်ပြီ၊ ပြီးရော မေမေ့သမက်ကို သမီးပြန်ခေါ်ပေးမယ်၊ တောင်းလည်းတောင်းပန်လိုက်မယ်၊ ဒါနဲ့ အမေက အမေ့ညီမအိမ်မှာ အိပ်မလို့ဆိုပြီး ဘာလို့ပြန်လာတာလဲ"

www.burmeseclassic.com



သူသိချင်နေသော မေးခွန်းကို ယမုံက ယောက္ခမကြီး အား မေး၏။

"မပြောမိပါဘူးအေ. . . ညည်း နားကြားလွဲတာပါ၊ အမေ က ညမအိပ်ဘူးလို့ပြောတာ၊ ညအိပ်လို့ဘယ်ဖြစ်မလဲ ညည်းနဲ့ အုန်းစောနဲ့ မိန်းမသားနှစ်ယောက်တည်းထားပြီး ဘယ်လိုလုပ် စိတ်ချမလဲ၊ အဲဒါပဲ အရေးဟဲ့အကြောင်းဟဲ့ဆိုရင် ယောကျ်ားသား က မရှိလို့မရဘူး၊ သွား သွား တစ်ခါတည်း ညည်းယောကျ်ားဆီ ဖုန်းဆက်"

ယောက္ခမကြီးက ရှည်လျားစွာဆိုသည်။

"မေမေပါ သမီးအခန်းထဲလိုက်ခဲ့"

"အိုအေ. . . မေမေပင်ပန်းလို့ နားတော့မယ်၊ ကဲ သွား သွား"

"ခဏလေးပဲဖြစ်ဖြစ် လိုက်ခဲ့ပါမေမေရယ်"

သူမက မရအရခေါ်သည်။ ခေါ်ဆို ခုတင်အောက်က သူပြန်ထွက်ဖို့က ယောက္ခမကြီးမရှိမှ ဖြစ်မည်ကိုး။

"သွားပါဆို. . . မေမေပင်ပန်းလွန်းလို့ နားဦးမယ်"

သူမက အသည်းအသန်ခေါ်သလောက် ယောက္ခမကြီး ကလည်း အကြောက်အကန်ငြင်းသည်။ သူ ခုတင်အောက်မှာ



ခွေးပုံကာလာသည်။

"ကဲ. . . သွားတော့သမီးရဲ့၊ မေမေ ခဏလှဲလိုက်ဦးမယ်"

ပြောပြောဆိုဆိုပင် ယောက္ခမကြီးက လှဲလိုက်ဟန်တူ သည်။ ထိုစဉ်မှာပင် သူ၏ဖုန်းက မြည်ကာလာသည်။ သူ ကမန်း ကတန်း ပိတ်လိုက်ရသည်။

"ဟဲ့. . . ဟဲ့ အမလေး ခုတင်အောက်ကလားပဲ အသံ ကြားတယ်၊ ဘာများရှိနေပါလိမ့်"

"ဘာ. . . ဘာမှမရှိဘူး မေမေရဲ့၊ မေမေစိတ်ထင်လို့ပါ၊ သမီးဖြင့် ဘာသံမှကို မကြားမိလိုက်ဘူး"

ယမုံက အလန့်တကြားငြင်းသည်။

"ဟုတ်လား. . . အသက်ကကြီးပြီဆိုတော့ နားထဲ ဘာတွေကြားနေပါလိမ့်ကွယ်၊ ဒါပေမယ့် သေချာအောင်တော့ ကြည့်ဦးမှပဲ"

"ကြည့်မနေပါနဲ့အမေရယ် အမေစိတ်ထင်တာပါဆို"

ယမုံက တုန်ယင်စွာပင်ဆိုသည်။ တကယ်တော့ သူလည်း ရင်ခုန်သံမြန်နေပြီဖြစ်သည်။ ဖုန်းကို မြန်မြန်ဆန်ဆန်ပင် silent လုပ်ဖြစ်သည်။ မလုပ်လို့လည်းမရ Power ပိတ်ပြန်လျှင်လည်း အသံကထွက်ဦးမည်။

www.burmeseclassic.com



"ဟဲ့. . . ငါက သံသယရှိလို့ ကြည့်ချင်ပါတယ်ဆိုနေမှ"

"သမီးစောစောကမှ တံမြက်စည်းလှည်းထားတာ၊ ဘာမှကိုမရှိတာ၊ အဲဒါကြောင့်ပြောတာပါ၊ ဒါနဲ့ မေမေ လှဲပြီးနားမယ်ဆိုနားလေ"

သူမက စကားလမ်းကြောင်းကို ဖွတ်ကြီးလွှဲသည်။ လက်ရှိအနေအထားက အိပ်ခန်းပြင်ခေါ်ထုတ်ဖို့ထက် အိပ်လိုက်ဖို့က ပိုအရေးကြီးနေသည်ကိုး။ သို့မဟုတ်ပါက ခုတင်အောက်ကို ယောက္ခမကြီး ငုံ့ကြည့်လိမ့်မည်။

"အေးကွယ်. . . နားလိုက်ဦးမယ်၊ ကဲ ကဲ သမီးလည်းသွားတော့လေ မေမေပြောတာ မမေ့နဲ့နော်၊ သားဆီကို ဖုန်းဆက်လိုက်ဦး"

"ဆက်မှာပါအမေရဲ့၊ ဒါနဲ့ သမီး မေမေ့အခန်းကို သန့်ရှင်းရေးလုပ်ဖို့ ကျန်သေးတာတွေ ဆက်လုပ်လိုက်ဦးမယ်"

ယမုံတလည်း မရအရပင် ကုပ်ကပ်ကာနေသည်။ မနေလို့ကလည်းမရ၊ အခန်းထဲမှာ ယောက္ခမကြီးတစ်ယောက်တည်းကျန်သည်နှင့် ခုတင်အောက်ကို ငုံ့ကြည့်လိမ့်မည်။ ထိုအခါမှပြဿနာတက်မည်။

"သမီးဘယ်လိုဖြစ်နေတာလဲ၊ သွား အခုချက်ချင်း၊ မေမေ



အနားယူရင် အေးအေးဆေးဆေးမှ အနားယူတာသိရဲ့သားနဲ့၊ စိတ်တိုလာပြီ"

ယောက္ခမကြီး၏ ခပ်ငေါက်ငေါက်အဆိုကြောင့် ယမုံတစ်ယောက် စိတ်အိုက်သွားဟန်တူသည်။

"ဟဲ့. . . သွားတော့လေ"

ယောက္ခမကြီး၏အသံက ထွက်လာပြန်သည်။

ထိုစဉ်မှာပင် ခုတင်အောက်မှ အမှုန်များကြောင့် စောစောကတည်းက သူ့နှာခေါင်း ရှုစိရှုစိဖြစ်လာကာ ဟပ်ချိုးချီချင်နေသည်။ ဘယ်လိုမှ အောင့်ထားမှုမရတော့။ ထို့ကြောင့် ပါးစပ်တိုအသားကုန်ပိတ်ကာ နှာချီဖြစ်သည်။

"ဟတ်ချိုး"

လက်ဖြင့်အုပ်ထားသည့်ကြားက အသံကထွက်လာသည်။

"ဟဲ့. . . ဟဲ့ ကြားလား၊ ငါ့ခုတင်အောက်က ကြောင်လားမသိဘူး၊ အိမ်မှာ ကြောင်လည်းမရှိဘဲနဲ့၊ ငါထင်တဲ့အတိုင်းပဲထင်တယ်၊ ခုတင်အောက်မှာ တစ်ကောင်ကောင်ရှိနေတယ်၊ မှန်းစမ်းငါကြည့်စမ်းမယ်"

"ဘာမှမရှိပါဘူးဆို. . . မေမေစိတ်ထင်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



ယမုံက အကြောက်အတန်ငြင်းကာ နေပုံရသည်။ သူ့ ချွေးတွေဖျံကာ ရင်ခုန်သံတွေမြန်လာသည်။

"ရှိရှိမရှိရှိ ကြည့်မယ်ဟယ်၊ ငါက သံသယကို ဘယ်တော့မှ အကြွေးမထားဘူး၊ မှန်းစမ်း"

"ဒေါ်လေးနဲ့ မမလေးရေ့ ပန်းခြံထဲမှာ သူခိုးလားမသိဘူး"

ထိုအချိန်မှာပင် ရုတ်တရက်အော်လိုက်သော အုန်းစော၏အသံကို ကြားလိုက်ရသည်။

"ဟော. . . သူခိုးတဲ့ သွားကြည့်ရအောင်"

ယောက္ခမကြီးက ထိုသို့ဆိုသည်။

"မေမေသွားကြည့်လိုက်၊ သမီး နောက်ကလိုက်ခဲ့မယ်"

"ဟဲ့. . . ငါတစ်ယောက်တည်း ဖြစ်နေမှာပေါ့၊ လာလာခဲ့"

ယောက္ခမကြီးနှင့် ယမုံတို့အခန်းထဲမှ ထွက်သွားသည်နှင့် သူ့ ခုတင်အောက်မှ လှိမ့်အထွက်. . .

"ဟ. . . ဘာကြီးလဲ"

ခုတင်ဘေးမှ ခြေတစ်စုံကြောင့် သူလန့်ဖြန့်ကာသွားရသည်။

"အုန်းစောပါ အစ်ကိုလေး၊ အစ်ကိုလေးအတွက်





အုန်းစော ဂွင်ဆင်ပေးလိုက်တာ"

"ဟင်. . . ငါလာတာ နင်သိတယ်ပေါ့"

သူ အံ့အားသင့်စွာပင် မေးဖြစ်သည်။

"ဝင်လာကတည်းကသိတယ်၊ ကဲပါ အဲဒါကအရေးမကြီးဘူး၊ ဒေါ်လေးတို့ပြန်မလာခင် အစ်ကိုလေးရဲ့အခန်းကို ပြန်တော့၊ တော်ကြာ အုန်းစောနဲ့ အစ်ကိုလေးတို့ တစ်မျိုးထင်နေဦးမယ်"

"အေး. . . ဟုတ်တယ်"

ပြောပြောဆိုဆိုပင် သူပြေးထွက်ခဲ့ဖြစ်သည်။ အိပ်ခန်းထဲ ရောက်ချိန်မှာတော့ သူ အသက်ကိုဝအောင် ရှူဖြစ်သည်။

"ဘာမှလည်းမတွေ့ဘူး၊ ဟဲ့ အုန်းစော ညည်းက ဘာကို တွေ့လိုက်တာတုန်း"

ယောက္ခမကြီး၏ ညည့်ခန်းမှအသံကို သူကောင်းစွာ ကြားနေရသည်။

"အုန်းစောက လူရိပ်မြင်လို့ သူခိုးထင်နေတာ၊ သူခိုးမဟုတ်ဘူး အစ်ကိုလေးပြန်လာတာ၊ အခုပဲ သူ့အိပ်ခန်းထဲဝင်သွားပြီ"

ဒါရိုက်တာမကြီး၊ ဇာတ်ညွှန်းရေးဆရာမကြီး၊ စာရေးဆရာမကြီး မရွှေအုန်းစော၏ စကားကြောင့် သူ ရင်တွေပင်ခုန်သွား



www.burmeseclassic.com

သည်။

"ဝုန်း"

ဝုန်းခနဲအသံနှင့်အတူ ယောက္ခမကြီးနှင့်ယမုံ အခန်းထဲ ဝင်လာကြသည်။ သူ ခုတင်ပေါ် ထထိုင်ဖြစ်သည်။

"ဟဲ့သား. . . အသံမပေးဘာမပေးနဲ့ကွယ်"

ယောက္ခမကြီးက ရင်ဘတ်ကိုဖိရင်းဆိုသည်။ ယမုံက တော့ ပါးစပ်ကြီးဟကာ အံ့ဩလို့နေသည်။ အုန်းစောကြောင့် သူ ယောက္ခမကြီးအခန်းထဲမှ ထွက်လာနိုင်သည်ကို ယမုံ့အား နောက်မှရှင်းပြရမည်ထင်သည်။

"သားက အမေ့ကို သတိရလို့ပြန်လာတာ"

သူ ရှက်ကိုးရှက်ကန်းနှင့်ပင် ဆိုဖြစ်သည်။

"အမလေး. . . ချွဲနေလိုက်တာ၊ ယမုံ့ကိုသတိရလို့ ပြန်လာတာပါဆိုရင်လည်း အမေက စိတ်မဆိုးပါဘူးကွယ်"

"ဒီမှာ. . . မိယမုံတို့ကလည်း မေမေ့ကိုအားနာလို့ ရှင့်ကို ပြန်လက်ခံရမှာသိလား၊ ကိုယ့်စိတ်နဲ့ကိုယ်ဆိုရင်လေ ရှင့်ကို အိမ်ရိပ် တောင် အနင်းမခံဘူး"

ယမုံကလည်း ခပ်တည်တည်ဖြင့် သူ့ကိုဟောက်သည်။

"ဟဲ့. . . ဟဲ့ အခုမြင်အခုကိုက်တော့ မလုပ်နဲ့လေ၊





ငါ့နှယ်နော် စိတ်ညစ်လိုက်တာ၊ ကဲ ကဲ ငါသွားနားလိုက်ဦးမယ်၊ ရန်မဖြစ်ကြနဲ့"

ယောက္ခမကြီးက ခေါင်းကိုကုတ်ရင်း ထွက်ကာသွား သည်။ အကြောင်းစုံကိုသိနေသော မရွှေအုန်းစောကတော့ ပြုံးစိစိ လုပ်ကာ ယောက္ခမကြီးနောက်ကနေ ကုပ်ချောင်းချောင်းဖြင့် လိုက် ကာသွားသည်။ သူတံခါး Lock ကို ပြေးချရင်း ယမုံ့ဘက်တို့ လှည့်ကြည့်ဖြစ်သည်။

ယမုံက သူ့ကို မချိုမချဉ်ဖြင့် လျှာထုတ်ပြသည်။ 'တွေ့တြ သေးတာပေါ့ကွာ'ဟု တွေးရင်း ယမုံ့ဆီ သူ ခပ်သွက်သွက်လျှောက် ဖြစ်သည်။

× × × ×



www.burmeseclassic.com

www.burmeseclassic.com



**A girl draws more than a rope.**

မိန်းကလေးတစ်ယောက်သည် ကြိုးတစ်ချောင်းထက် ပို၍ဆွဲနိုင်၏။

*Spanish Proverb*

xxxxx



"နောက်ဆုံးတော့လည်း ဇာတ်ပေါင်းခန်းကို ရောက်သွားပြီပေါ့ကွာ"

သူ့စကားအဆုံးမှာ သန့်ဇော်က ဝမ်းသာအားရပင်ဆိုသည်။

"အခုတော့ ဗူးက ဗရုံသီးရုံတင်မကဘူး သခွားသီးတွေပါ သီးကုန်ပြီပေါ့"

ဝင်းခိုင်က ရယ်ကျဲကျဲဖြင့်ဆိုသည်။

"ဒါတော့ အခြေအနေနဲ့ အချိန်အခါအရပဲလေကွာ"

သူ ရှက်အမ်းအမ်းဖြင့် ဆိုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆို ဒူးရင်းသီးတွေပါ သီးချင်သီးလာမှာ"

သန့်ဇော်က အရယ်တစ်ဝက်ဖြင့် ဆိုသည်။ ထိုစဉ်မှာပင် ဖုန်းကမြည်လာသည်မို့ သူကိုင်ဖြစ်သည်။

"မင်းတို့ပြောတဲ့ ဒူးရင်းသီးဆီကကွ၊ ဟဲလို ယမုံချစ်ဆုံး ပြော. . . ဘာ အခုပြန်ခဲ့ရမယ်၊ အရေးတကြီး ပြောစရာရှိတယ် ဟုတ်လား၊ OK တိုယ်အခုပဲပြန်ခဲ့မယ်ကွာ၊ မိန်းမရေ မိန်းမကို ကိုကိုအရမ်းချစ်တယ်ကွာ"

ပြောပြီးပြီးချင်း ဖုန်းကို သူ 'ပွတ်'ခနဲနေအောင် နမ်းဖြစ်သည်။

"ငါတော့ တော်တော်သောက်ညင်ကပ်လာပြီ"

ဝင်းခိုင်က ပက်ခနဲဆိုသည်။

"မနာလိုမဖြစ်ကြပါနဲ့ လူပျိုကြီးတို့ရာ၊ ကိုယ်တိုင်မစွံကြတာနဲ့ပဲ သူတစ်ပါးကောင်းစားတာကို မုဒိတာပွားစမ်းပါ"

သူ ရယ်တဲ့ကဲ့ဖြင့် ဆိုဖြစ်သည်။

"ပြန်မှာသာပြန်စမ်းပါကွာ၊ ကြည့်ရတာ မင်းဝယ်ထားတဲ့ Massage Chair ကြီး ပျက်သွားပြီထင်တယ်၊ အဲဒါကြောင့် အနှိပ်တော်ဆက်ခိုင်းမလို့ မင်းကိုခေါ်တာဖြစ်မယ်"

သန့်ဇော်က အရယ်တစ်ဝက်ဖြင့် နောက်သည်။



"မိန်းမရဲ့အမေလည်း ငါ့အမေပါပဲကွာ၊ ငါ့မိန်းမနဲ့ ပတ်သက်လာရင် ဘယ်သူ့ကိုမဆို ငါက ဖြည့်ဆည်းပြီးသားပဲ"

သူ၏ ပြောင်ချော်ချော်စကားအဆုံးမှာ သကောင့်သား နှစ်ကောင်က 'ငကြောင်'ဟု မှတ်ချက်ဝိုင်းပေးကြသည်။

× × × ×

www.burmeseclassic.com

www.burmeseclassic.com



ဧည့်ခန်းမှာထိုင်နေသော ယမုံက သူ့ကိုမြင်သည်နှင့် ဝေါက်ခနဲထရပ်သည်။ သူက ယမုံ၏ပခုံးကို ခပ်ကြမ်းကြမ်းဖက်ဖြစ်သည်။

"ကိုကို. . . ဖြည်းဖြည်းဖက်ကွာ၊ နောက်ဆို ဖြည်းဖြည်းပဲ ဖက်တော့"

"ဘာဖြစ်လို့လဲ"

သူ နားမလည်စွာပင် မေးဖြစ်သည်။

"မေမေ အိမ်မှာမရှိလို့ မေမေ့ကိုတောင် ပြောမပြရသေးဘူး၊ ကိုကို့ကို အရင်ဆုံးပြောပြရမှာ သိလား"



BURMESE CLASSIC



ယမုံက ရှက်အမ်းအမ်းဖြင့် ဆိုသည်။

"ပြောမှာသာပြောစမ်းပါကွာ၊ ကိုကိုသိချင်လာပြီ"

ယမုံက သူ့နားနားကိုကပ်တာ ခပ်တိုးတိုးဆို၏။

"ယမုံ့မှာ ကလေးရှိနေပြီ"

"ဘာ. . . ငါ့မိန်းမမှာ ကလေးရှိနေပြီ ဟုတ်လား၊ ဟား ဝမ်းသာလိုက်တာကွာ၊ မှန်းစမ်းပါဦး၊ နားထောင်ကြည့်ရအောင်"

သူ ဝမ်းသာအားရပင် ယမုံ့ဗိုက်နားကို နားတပ်ကာ ထောင်ဖြစ်သည်။ ဘာသံမှမကြားရ။

"ဘာသံမှလည်း မကြားရသလိုပဲ"

"ဘယ်ကြားရမှာလဲ၊ ကြားရမယ့်အချိန်မှ မရောက်သေးတဲ့ဥစ္စာ၊ ဘာမှလည်းမသိဘဲနဲ့ဖွတ်"

ယမုံက ရယ်ကျဲကျဲဖြင့် ရှက်အမ်းအမ်းဆိုသည်။

"အလကားနောက်တာ၊ အထဲက သားလား သမီးလေး လားမသိဘူး လှုမ်းပြောနေတယ်၊ ဘာပြောလဲသိလား"

သူ ရွှတ်နောက်နောက်ဆိုဖြစ်သည်။

"ဘာတဲ့လဲ"

ယမုံက ရှက်တိုးရှက်တန်းဖြင့် မေးသည်။

"နေပါဦး. . . သေချာအောင် နားထောင်ကြည့်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ယမုံပိုက်နေအကိုကပ်ကာ နားထောင်ချင်ယောင်ဆောင်ဖြစ်သည်။ တကယ်တော့ ဘာသံမှမကြားပါ။

"ဖေကြီးတဲ့. . . သူက ဖေကြီးနဲ့ မေကြီးလို ချောချောလှလှလေး ထွက်ခဲ့မယ်တဲ့၊ အိမ်မှာရှိတဲ့အဘွားလို ရုပ်ဆိုးဆိုးကြီး မဖြစ်စေရဘူးတဲ့"

တကယ်တော့ နောက်မှာ ယောက္ခမကြီးရောက်နေသည်ကို သူမသိ၊ ယမုံက ညစ်တျယ်တျယ်ပြုံးသည်။

"ဘယ်လို နောက်တစ်ခေါက် ယမုံကိုပြောပြပါဦး"

"ဩော်. . . ကလေးတ အမေတွေ အဖေတွေလိုပဲ ချောချောလှလှလေး ထွက်ခဲ့မယ်တဲ့၊ ယမုံမေမေလို ရုပ်ဆိုးဆိုးကြီး၊ ရုပ်မချောတချောကြီး မဖြစ်ပါဘူးတဲ့"

"ဟုတ်လား"

"ဟုတ်တယ်"

'ဟုတ်လား'ဆိုသော ယမုံအမေးကို သူ 'ဟုတ်တယ်'ဖြစ်သည်။

"နောက်မှာ ဘယ်သူရှိလဲ ကြည့်လိုက်ပါဦး"

ယမုံ၏စကားကြောင့် သူ နောက်ကို သမင်လည်ပြန်ကြည့်ဖြစ်သည်။ နောက်မှာရောက်နေသူကတော့ ယမုံ၏မေမေ



သူ၏ချစ်စွာသော ယောက္ခမကြီး။ မျက်နှာကြီးနီပြီး သူ့ကိုကြည့်တာနေသည်။

"အမေ"

သူ ရင်ထဲမှလာသောအသံဖြင့် ခေါ်မိသည်၊ ယောက္ခမကြီးကတော့ သူ့ကို မျက်လုံးစုံမှိတ်၍ အာခေါင်ခြစ်ကာ တစ်ခွန်းထဲအော်သည်။

"ဟဲ့အကောင်. . . သေနာကျလေး"

ပျော်ရွှင်ကြပါစေ။

**ပြည့်ပိုင်မှူးအိမ်**

pyaepainghmueeain @ gmail.com

www.burmeseclassic.com